# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးမောင်းဟာ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာနှင့် အဖွဲ့ဝင်များ ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့မှ ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာတွင် ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီ ရေလွှဲဆည်မှ မတ်လဆန်းတွင် စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀ - ၂ - ၂၀၂၂

| | | | |
|---|---|---|---|
| ထားဝယ်မြို့ | ၃ ဒသမ ၀၅ လက်မ | ရေးမြို့ | ၁ ဒသမ ၄၅ လက်မ |
| ကျိုက္ခမီမြို့ | ၂ ဒသမ ၁၇ လက်မ | ကြာအင်းဆိပ်ကြီးမြို့ | ၁ ဒသမ ၂၄ လက်မ |
| လောင်းလုံးမြို့ | ၂ ဒသမ ၁၇ လက်မ | ရှမ်းရွာသစ်မြို့ | ၁ ဒသမ ၁၈ လက်မ |
| မုဒုံမြို့ | ၁ ဒသမ ၅၄ လက်မ | | |

မိုး/ဇလ


**ယနေ့** *ဖတ် စ ရာ*

**အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်** သတင်းထုတ်ပြန်ချက် စာ - ၄

**တိုကျိုဆေးရုံ၌ ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများပြားလာမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ** နိုင်ငံတကာသတင်း စာ - ၁၃

မြန်မာ့အလင်း

# အကုန်အကျနည်းအောင် အသုံးအစွဲကို ဆင်ခြင်

အကုန်အကျနည်းအောင် အသုံးအစွဲကို ဆင်ခြင်ခြင်းက ချွေတာခြင်းပင်ဖြစ်သည်။ မိမိတို့ တစ်ဦးချင်းအနေဖြင့် ဖြစ်စေ၊ မိသားစုအတွင်း၌ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံလုံးအနေဖြင့်ဖြစ်စေ အခြေအနေအရ လိုအပ်လာပါက ချွေတာကြရသည်။ ချွေတာခြင်းဟူသည် သုံးစွဲမှုကို ပိတ်ပင်တားမြစ်ခြင်းမဟုတ်ဘဲ စိစစ်၍၊ ဆင်ခြင်၍ သုံးစွဲခြင်းဖြစ်ပြီး အလေ့အထကောင်းတစ်ရပ်ဖြစ်သကဲ့သို့ အကျိုးရလဒ်ကောင်းကိုလည်း ရရှိစေသည်။

ယနေ့ကမ္ဘာ့ထိပ်တန်းနိုင်ငံများ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြန်လည်ထူထောင်ရေးလုပ်ကြရသည့်အခါက ခြိုးခြံချွေတာရေး အစီအစဉ်များကို နှစ်ပေါင်းများစွာလုပ်ခဲ့ကြရသည်။ စားရေး ဝတ်ရေး နေရေး အဘက်ဘက်တို့တွင် ဝဝလင်လင်၊ ပေါပေါများများ မစားခဲ့၊ မဝတ်ခဲ့ကြရဘဲ ခြိုးခြံချွေတာခဲ့ကြရသည်။ “တခြားတိုင်းပြည်တွေမှာ အဲဒီလိုချွေချွေတာတာ ကြိုးပမ်းပြီးတော့ အခုနေခါမယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်နေကြတယ်။ ကျွန်တော်တို့တိုင်းပြည်က ကျပ်ကျပ်တည်းတည်း နေရတဲ့အထဲက ဒီလိုဖုံးပေါလအောသုံးကြတုန်း၊ စွဲကြတုန်းပဲ” ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။ မလိုအပ်ဘဲပို၍ သုံးစွဲနေရသည်များကို စိစစ်၍ ခြိုးခြံချွေတာလိုက်သည့်အခါ အပိုသုံးစွဲမှုများ လျော့ကျသွားခြင်းမှ ထွက်ပေါ်လာသည့် ပစ္စည်း၊ ငွေကြေး စသည်တို့ကို အခြားလိုအပ်ချက်များတွင် ဖြည့်တင်းနိုင်သည်။

ပစ္စုပ္ပန်ကာလ မိမိတို့နိုင်ငံတွင် အများသုံးစွဲနေကြသည့် ရေ၊ မီး(လျှပ်စစ်)၊ စားသုံးဆီ၊ စက်သုံးဆီ(ဒီဇယ်ဆီ၊ ဓာတ်ဆီ)တို့ကို သုံးစွဲသူတိုင်းက ကိုယ်စီချွေတာကြခြင်းအားဖြင့် တစ်ဦးချင်းအတွက်ရော နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်သည်။ ခြိုးခြံချွေတာခြင်းမှ မိသားစုအတွက် ငွေပိုငွေလျှံများ ထွက်ပေါ်လာသည့်အပြင် ယခင်ကထက်ပို၍ ကျန်းမာရွှင်လန်းသော နေ့စဉ်ဘဝများကိုလည်း ရရှိစေနိုင်သည်။ နိုင်ငံတော်အတွက်ဆိုလျှင်လည်း ပြည်ပမှ တင်သွင်းနေရသည့် စားသုံးဆီနှင့်စက်သုံးဆီများ ဝယ်ယူမှုလျှော့ချရာမှ ထွက်ပေါ်လာသည့် နိုင်ငံခြားငွေဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးရှိစေသည့် အခြားကဏ္ဍများတွင် သုံးစွဲနိုင်သည်။

ယခုနှစ် ၂၀၂၂ ခုနှစ်သည် မိမိတို့အတွက် စိန်ခေါ်သည့်နှစ်တစ်နှစ်လည်း ဖြစ်လာနေကြောင်း၊ စီးပွားရေးကို ပြန်၍ မတ်လာအောင် လုပ်မည်ဆိုလျှင် မိမိတို့အပေါ် ပြည်သူက ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားခဲ့ပြီး ရည်မှန်းချက် (၃) ခုဖြစ်သည့် စီးပွားရေးတိုးတက်အောင်လုပ်မည်။ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးလုပ်ငန်းများ လုပ်မည်။ ကာကွယ်ရေးစွမ်းပကား မြှင့်တင်မည်ဟူသော အချက်များကိုပါ ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံ၏စွမ်းအား သုံးရပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ ခြိုးခြံချွေတာရေးကို မဖြစ်မနေကျင့်သုံးကြရမှာဖြစ်သည်။ ပြည်သူလူထုအတွင်း ခြိုးခြံချွေတာကြရမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနများနှင့် လက်အောက်ဌာနများတွင်ပါ မလိုအပ်သည့် အသုံးအစွဲများကို သုံးစွဲခြင်းမပြုရန်၊ နိုင်ငံခြားငွေခြိုးခြံချွေတာရန်၊ စက်သုံးဆီ သုံးစွဲမှု၊ ဓာတ်အားသုံးစွဲမှု၊ စရိတ်စခများ သုံးစွဲမှုတို့ကို စိစစ်လျှော့ချရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ခြိုးခြံချွေတာခြင်းသည် အသုံးအစွဲကို ဆင်ခြင်ခြင်းဖြစ်ပြီး လိုအပ်သလောက်ကိုသာ အထိရောက်ဆုံး၊ အကျိုးအရှိဆုံး သုံးစွဲခြင်းဖြစ်သည်။ ရေရှည်ကျင့်သုံးသွားရမည့် ရည်မှန်းချက်ဖြင့် အလေ့အကျင့်ကောင်းအဖြစ် ကျင့်သုံးသွားကြသည်နှင့်အမျှ မိမိတို့အတွက်ရော နိုင်ငံအတွက်ပါ ကောင်းသောအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ကြော်ငြာလုပ်ငန်းဆောင်ရွက်လိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတွင် လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅' x ၁၅' အရွယ်အစားသတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။

စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ် ဖုန်း ၀၁-၂၅၁၄၃၀ သို့ ဆက်သွယ်စုံစမ်းကြည့်ရှုရွေးချယ်လျှောက်ထား ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀-၂-၂၀၂၂) ညနေ ၆ နာရီအထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection - Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့ဝင်များ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

❐ ***ရှေ့ဖုံးမှ***

ရှေးဦးစွာ အခမ်းအနားသဘာပတိ ဟားခါး တက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာ ရာမ်ငိုင်းမှ (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့မိန့်ခွန်း ပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က လက်ခံရယူသည်။

ဆက်လက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ပေးအပ်သည့် ဆိုလာ အစုံ ၁၀၀ ကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးမင်းအုန်းတို့က ပေးအပ်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းက လက်ခံရယူသည်။

ယင်းနောက် ချင်းအမျိုးသားနေ့ ဂုဏ်ပြုပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပြီး ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေ ဖူလုံစေရေးအတွက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် နှစ်စဉ်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"တောင်သူတွေကို စိုက်ပျိုးရေ ဖြန့်ဝေပေးရာမှာ မဲဇလီရေလှောင်ဆည်မှဆည်ရေတွေကို တောင်မုန်း မြောင်းမကြီးနဲ့ မြောက်မုန်း မြောင်းမကြီးတို့ကနေတစ်ဆင့် နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဖြန့်ဝေပေးတာပါ။ အခုနှစ်မှာတော့ ဆည်ရေနည်းတဲ့အတွက် နွေစပါးအတွက် စိုက်ပျိုးရေဖြန့်ဝေတာတွေမလုပ်ဘဲ နွေနှမ်းနဲ့ အခြားနွေသီးနှံ စိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးတဲ့ရက်ကတော့ မတ်လ ၁ ရက်ကစပြီး ၃၁ ရက်အထိ အချိန် တစ်လ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ နွေသီးနှံစိုက်ပျိုးတောင်သူတွေကိုလည်း လယ်ယာမြေတွေ ကြိုတင်ပြဆင်နိုင်ရေးအတွက် စိုက်ပျိုးရေဖြန့်ဝေမယ့်ရက်ကို ကြိုတင် အသိပေးအကြောင်းကြားပြီးဖြစ်ပါတယ်။ ဆည်ရေနည်းတဲ့အတွက် တောင်သူတွေအနေနဲ့ နွေနှမ်းနဲ့ အခြားနွေသီးနှံစိုက်ပျိုးရာ ဆည်ရေ လေလွင့်ဆုံးရှုံးမှုမဖြစ်ဖို့ စနစ်တကျသုံးစွဲစေချင်ပါတယ်" ဟု မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေနှမ်း ၆၀၄၂၈ ဧက၊ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အိုင်းမ ရေလှောင်ဆည်ရေဖြင့် ဧက ၅၀၀၊ စုစုပေါင်း နွေနှမ်းစိုက်ပျိုးဧက ၆၀၉၂၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ နွေသီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ထူးခြားသည့် ညအပူချိန်များ

၂၀ - ၂ - ၂၀၂၂ မိုး/ဇလ

| | | |
|---|---|---|
| ဟားခါးမြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| တွန်းဇံမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်အထိ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၅၀၈၁ ရွာ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်လျက်ရှိ

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး အတွင်း ကျေးရွာပေါင်း ၆၅၇၅ ရွာရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၅၀၈၁ ရွာအထိ လျှပ်စစ်မီးလင်းရေး ရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍဖြစ်သည့် လျှပ်စစ်မီးလင်းရေးကို အစဉ်အစိုက် ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၆၅၇၅ ရွာရှိရာ ၃၄၅၄ ရွာ လျှပ်စစ်မီးလင်းရေးရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံ၍လည်း NEP Phase 1 (၁၁ ကေဗွီ ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်း) မီးလင်းမည့်ကျေးရွာပေါင်း ၅၃ ရွာ၊ NEP Phase 11 (၁၁ ကေဗွီဓာတ်အားလိုင်းမှ သုံးမိုင်အတွင်း) မီးလင်းမည့် ကျေးရွာပေါင်း ၁၃၂၇ ရွာ၊ ပြည်ထောင်စုရန်ပုံငွေဖြင့် မီးလင်းမည့်ကျေးရွာပေါင်း ၁၅၅ ရွာ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၂၁-၂၀၂၂ ခုနှစ် မီနီဘတ်ဂျက်ဖြင့် မီးလင်းမည့်ကျေးရွာ ၁၅ ရွာ၊ ၂၀၂၂-၂၀၂၃ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဖြင့် မီးလင်းမည့်ကျေးရွာ ၇၇ ရွာ စုစုပေါင်း ကျေးရွာ ၁၆၂၇ ရွာကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျေးရွာပေါင်း ၅၀၈၁ ရွာအထိ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မီးလင်းရန် ကျန်ရှိနေသည့် ကျေးရွာပေါင်း ၁၄၉၄ ရွာကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နှစ်အလိုက် ဘတ်ဂျက်လျာထား မီးလင်းစေရန် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"လျှပ်စစ်မီးလင်းရေး ရရှိရန် ဆောင်ရွက်ပေးတာကြောင့် လျှပ်စစ်မီးရရှိတာနဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ အကျိုးကျေးဇူးတွေ စတင်ခံစားရမှာဖြစ်ပါတယ်။ လျှပ်စစ်မီးမရခင် အစားအသောက်တွေကို ထင်း၊ မီးသွေးနဲ့ ချက်ပြုတ်ရာကနေ လျှပ်စစ်ကို အသုံးပြုချက်ပြုတ်ရတဲ့အတွက် သစ်တောပြုန်းတီးတာကို ကာကွယ်ရာရောက်ပါတယ်။ သစ်ပင်သစ်တောတွေ ပြုန်းတီးမှုနည်းလာတာနဲ့ အမျှ ရာသီဥတုမျှတမှန်ကန်လာမှာ ဖြစ်ပါတယ်။ ထင်းမီးသွေးနဲ့ ချက်တဲ့ အိမ်ရှင်မတွေအနေနဲ့ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖိုတွေ လျှပ်စစ်ပစ္စည်းတွေ အသုံးပြုချက်ပြုတ်တဲ့အတွက် မီးဖိုချောင်အလုပ်တွေသက်သာပြီး စီးပွားရေးအလုပ်ကို ယခင်ကထက် ပိုလုပ်နိုင်တဲ့အတွက် စီးပွားဥစ္စာတွေ ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ကျေးလက်နေ ကျောင်းသားကျောင်းသူတွေ လျှပ်စစ်မီးမရှိခင်က ဖယောင်းတိုင်မီး၊ မီးအိမ်မီး၊ ဆိုလာမီး အစရှိတဲ့မီးတွေနဲ့ တစ်နေ့ (၁/၂/၃) နာရီ စာကြည့်ရာကနေ လျှပ်စစ်မီးရပြီး ၂၄ နာရီ စာကြည့်နိုင်မှာ ဖြစ်ပါတယ်။ လျှပ်စစ်မီးရတဲ့အတွက် လျှပ်စစ်နဲ့ပတ်သက်တဲ့ စက်မှုလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ပြီး ကျေးရွာတွင်း စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လမ်းမီးတွေ ထွန်းညှိထားတဲ့အတွက် လူမှုရေးအရသော်လည်းကောင်း၊ ကျန်းမာရေးအရသော် လည်းကောင်း၊ ညပိုင်း ဘေးကင်းလုံခြုံစွာ သွားလာနိုင်တဲ့ အကျိုးကျေးဇူးတွေ ရလာနိုင်မှာဖြစ်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏက ပြောကြားသည်။

**တင်စိုး(ပဲခူး)**



# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို မှတ်သားထားပါသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံမှ ချမှတ်ထားသည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြိုဆိုပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မှုကို အာဆီယံပေါင်းစည်းဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံကနဦး ပေါင်းစည်းရေးဦးဆောင်ဦးရွက်ပြုမှု လုပ်ငန်းအစီအစဉ်-၄ (၂၀၂၁-၂၀၂၅) တို့မှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် နိုင်ငံများအကြား ဆက်ဆံရေးအပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရေး၌ အဓိကကျင့်ဝတ်တစ်ရပ်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုဖော်ပြခြင်း၊ အရှေ့တောင်အာရှဒေသကို နျူကလီးယားလက်နက်ကင်းမဲ့ဇုန်နှင့် အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေသော လက်နက်များကင်းမဲ့ဇုန်အဖြစ် ထိန်းသိမ်းနိုင်ရေးအတွက် ကတိကဝတ်ပြုခြင်း၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ဖော်ပြခြင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ခုနှစ်အလွန် အကောင်အထည်ဖော်ခြင်းနှင့် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်အပါအဝင် အာဆီယံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးအစီအမံများကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုလည်း ကြိုဆိုပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က အသက်ဝင်ခဲ့သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (RCEP)ကို မှတ်သားမိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ယင်းသဘောတူစာချုပ်အသက်ဝင်ရေးအတွက် စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောလျင်စွာ ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးလိုပါသည်။ သို့ရာတွင် မြန်မာနိုင်ငံက RCEP သဘောတူစာချုပ်အပေါ် ပေးပို့ခဲ့သည့် အတည်ပြုပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို အကြောင်းပြု အဟန့်အတားပြုခဲ့မှုကြောင့် စာချုပ်စာတမ်းများထိန်းသိမ်းသူအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ မဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွက် သဘောတူစာချုပ် အသက်ဝင်မှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ရသည်ကို စိတ်မကောင်းဖြစ်ရပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် အာဆီယံအဖွဲ့အပေါ် ယုံကြည်ကိုးစားမှုကို ထိခိုက်ရုံသာမက အာဆီယံအတွင်းရေးမှူးချုပ်ရုံးအပေါ်ကိုလည်း ယုံကြည်ကိုးစားမှုကို ထိခိုက်လာစေပါသည်။ ဥပဒေကိုအခြေပြုသော အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ၌ ယင်းသို့ အဖြစ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်ပါသည်။

အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင်ပါရှိသည့် အာဆီယံစံနှုန်းနှင့် "မူ" များမှတစ်ဆင့် အာဆီယံပြင်ပဆက်ဆံရေးတွင် ဗဟိုအချက်အချာကျမှုနှင့် စုစည်းညီညွတ်မှုအားကောင်းလာစေရန် အာဆီယံဥက္ကဋ္ဌက အလေးထားဆောင်ရွက်မည့်အစီအစဉ်ကို မြန်မာနိုင်ငံက ကြိုဆိုပါသည်။ သို့ဖြစ်ပါ၍ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပြင်ပနိုင်ငံများက ပါဝင်ရန် စိတ်ပါဝင်စားမှုမြင့်မားလာခြင်းကို ကျေနပ်အားရမိပါကြောင်းနှင့် အဆိုပါနိုင်ငံများကို ဆောလျင်စွာလက်ခံနိုင်ရေးကို မျှော်မှန်းပါသည်။ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးရာ၌ လွန်ခဲ့သည့် နှစ် (၅၀)ကျော်တွင် အာဆီယံ၌ ကျင့်သုံးခဲ့သည့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းရန် မြန်မာနိုင်ငံအနေဖြင့် အာဆီယံကို တိုက်တွန်းပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ပြန်လည်ဝင်ရောက်ရေးကို ပံ့ပိုးသည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာပါ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ကြိုးပမ်းမှုများအပေါ် အာဆီယံက ဆက်လက်ထောက်ခံခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်သားထားပါသည်။ ယင်းနှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်၏ ဘက်စုံလိုအပ်ချက် ဆန်းစစ်လေ့လာမှုတစ်ရပ်(CNA) အခွင့်အခါသင့်ချိန်၌ ပြုလုပ်နိုင်ရေးကို အာဆီယံအနေဖြင့် မျှော်လင့်သကဲ့သို့ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့် စီမံကိန်းများ အတည်ပြုနိုင်ရန်အတွက်လည်းကောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်၌ အာဆီယံမှ ထိထိရောက်ရောက် ပံ့ပိုးနိုင်မည့်ကဏ္ဍများကို ဆက်လက်၍ ရှာဖွေသတ်မှတ်ပေးရန်အတွက် လည်းကောင်း အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး ပြန်လည်ကျင်းပပြုလုပ်သွားရန် အာဆီယံအတွင်းရေးမှူးချုပ်ကို မြန်မာနိုင်ငံက ထပ်မံတိုက်တွန်းပါသည်။

တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ သံတမန်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရတ်ဆုတ်ခွန်းက တာဝန်ယူသွားမှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုဆိုပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်း၊ မြန်မာ့ဦးဆောင်မှုတို့နှင့်အညီ အထူးကိုယ်စားလှယ်အပါအဝင် အာဆီယံနှင့်လည်း အပြုသဘောဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစည်းအဝေး၌ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ အပြုသဘော ပြောဆိုဆွေးနွေးမှုများရှိသော်လည်း အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များအဖြစ်နှင့် တရားမဝင်အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးရန် အဖွဲ့ဝင်နှစ်နိုင်ငံက အကြံပြုခဲ့သည်ကို သတိပြုမိပါသည်။ မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီက ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် CRPH နှင့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံအသိပေးလိုပါသည်။ အထူးကိုယ်စားလှယ်အား ယင်းသို့ အဖွဲ့အစည်းမျိုးဖြင့် ထိတွေ့ရန်အကြံပြုခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါမူများကို ဆန့်ကျင်ရုံသာမက အာဆီယံ၏ အကြမ်းဖက်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ထိပါးစေပါသည်။ ယင်းအဖွဲ့ဝင်နှစ်နိုင်ငံက အာဆီယံအစည်းအဝေးများကို အသုံးချ၍ ထိုသို့ပြောဆိုခြင်းမျိုးမပြုလုပ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချရန် ထပ်မံတိုက်တွန်းပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်**

# ဆင်ပေါင်ဝဲမြို့နယ်၌ (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပရာ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများ၊ အရှိုချင်းလူမျိုးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သဘာပတိ ဆလိုင်းကျော်ကျော်နိုင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားပြီး အရှိုချင်းစာပေနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူး ဆလိုင်း အောင်ဇော်ဦးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ဖတ်ကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆလိုင်းသန်းဦးကအရှိုချင်းလူမျိုးများ ဆင်းသက်လာပုံအကြောင်းကိုလည်းကောင်း အရှိုချင်းစာပေနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆလိုင်းကျော်ကျော်နိုင်က အရှိုချင်းစာပေ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း ပြောကြားပြီး ဆလိုင်းအုန်ငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အထူးဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဝါးညှပ်အကဖြင့် ကပြဖျော်ဖြေခဲ့သောအဖွဲ့အား ဆုများချီးမြှင့်ကြောင်း သိရသည်။

**နိုင်လင်း (ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူနှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂ ကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ တတိယနေ့တွင် “ဝါသီးနှံဖွံ့ဖြိုးဖို့ အားလုံးကြိုးပမ်းစို့” ခေါင်းစဉ်ဖြင့် ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူနှီးနှောဖလှယ်ပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး တက်ရောက်အားပေးသည်။




ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူနှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပစဉ်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အဆိုပါ စကားဝိုင်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တောင်သူများ၏ လက်တွေ့ကြုံတွေ့နေရမှုနှင့် ဆန္ဒသဘောထားများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြနိုင်စေရန်၊ တောင်သူအချင်းချင်းအကြား၊ တောင်သူနှင့် ဌာနဆိုင်ရာများအကြား၊ တောင်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား အပြန်အလှန် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်တို့အတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်၍ သက်ဆိုင်သူများအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍများမှ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် နေပြည်တော်အလယ်ကျွန်းကျေးရွာမှ ဝါတောင်သူ ဦးသန်းလှိုင်၊ မြောင်မြိုက်ရွာမှ ဝါတောင်သူ ဦးစိုးဝင်း၊ ရမည်းသင်း သရက်ပင်ရွာမှ ဝါတောင်သူ ဦးကျော်အောင်၊ ပျော်ဘွယ်မှ ဝါကြိတ်စက်လုပ်ငန်းရှင် ဦးအောင်ဝေယံလင်း၊ သိမ်ကုန်းကျေးရွာမှ ဦးကျော်ဝင်းစိန်တို့က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအတွေ့အကြုံများ၊ အရင်းအနှီးလိုအပ်ချက်များနှင့် ဈေးကွက်အာမခံချက်ရရှိရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၊ တိုင်းဒေသကြီး ပြည်နယ်များမှ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသူများက ပါဝင်အကြံပြုဆွေးနွေးခဲ့ကြသည်။

### အအခမဲ့ ထည့်သွင်းပေးမည်

မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂ သို့ မည်သူမဆို လေ့လာနိုင်ကြောင်း အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍ စိုက်ပျိုးပညာပေးခြင်း အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် လူငယ်စွန့်ဦးတီထွင်ပညာရှင်များက ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး တောင်သူများ၏ မိုဘိုင်းဖုန်းတွင် စိုက်ပျိုးရေးနည်းပညာအထောက်အကူပြု အပလီကေးရှင်းများ အခမဲ့ ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm


# လဟယ်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်းပြည့်ပြီးစီး

**လဟယ် ဖေဖော်ဝါရီ ၂၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် လဟယ်မြို့နယ်ရှိ တောလောကျေးရွာ၊ မွန်နောက်ပြောင်ကျေးရွာနှင့် တွေးညိုကျေးရွာတို့တွင် ရေပေးရေးလုပ်ငန်းနှင့် ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် တောလောကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း နှစ်မိုင်၊ ဂါလန် ၁၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ မွန်နောက်ပြောင်ကျေးရွာတွင် အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေ ရှိ ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းနှင့် တွေးညိုကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း နှစ်မိုင်၊ ဂါလန် ၁၀၀၀ ဆံ့ ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အလားတူ မွန်တုံးညှု၊ ကျောက်ကယ်၊ ဟောက်ရပ်ရွာသစ်၊ နောက်ညူကျထောက်ရွာသစ်နှင့် တွေးထွေနောက်ကုန်း (ရွာဟောင်း) တို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ရေပေးရေးလုပ်ငန်းနှင့် ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယွန်း (မုံရွာ ၊ ကိုယ်ပွား)**

---

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး**
**ဦးဆောင်ကော်မတီ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံဆောင်ရွက်ပြီးစီးမှု ကြည့်ရှုအားပေး

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်ကာတစ်ပေပတ်လည် စကျင်ကျောက် ပြားများ ရင်ပြင်တော်အပြည့် ခင်းကျင်းဆောင်ရွက် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ရေစီး၊ ရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများ ဖောက်လုပ်နေမှု၊ မိုးတွင်းကာလရေတင်ကျန်မှုမရှိစေရေး တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံခြင်းကို ၂၀၂၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း၊ ကျောက်ပြားအချပ်ရေ လေးသောင်းခန့် ခင်းကျင်းဆောင်ရွက်မည်ဖြစ်သည်။

ဆက်လက်၍ ဣန္ဒာသယသိဒ္ဓိရှင်လေးကျွန်းသစ္စာရှင်နဂါးမောက် စေတီတော်မြတ်ကြီးတွင် တည်ထားကိုးကွယ်မည့်နဂါးရုံ ဘုရားကြီးထုဆစ်ပူဇော်ရန် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာမှ အချင်း ၁၀ ပေ၊ အမြင့် ၁၈ ပေ၊ အလေးချိန် တန် ၆၀ခန့်ရှိ စကျင်ကျောက်တော်အား ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ အဆိုပါစေတီတော်မြတ်ကြီးတွင် ဆရာတော်ဦးဆောင်မှုဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့်တနင်္ဂနွေနေ့တို့၌ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ လူမျိုးဘာသာမရွေး သုံးဆောင်နိုင်ရန် အာဟာရဒါန စတုဒိသာဖြင့် မတည်အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးလှထွန်း မိသားစုနှင့် စေတနာရှင်ကုသိုလ်ရှင်များကရာသက်ပန်ကျွေးမွေးမည်ဖြစ်ပြီး အလှူရှင်အကျိုးတော်ဆောင်များ၊ ပရဟိတအဖွဲ့များမှ ဝိုင်းဝန်းကုသိုလ်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သယံဇာတနှင့်



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ဒုတိယဦးစီးမှူး အရည်အချင်းစစ်စာမေးပွဲကို ကိုဗစ်–၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေး၊ လုပ်ငန်းခွင် ကျွမ်းကျင်မှု ရှိစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပေးကြရန်လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကွာရက်တင်းစင်တာအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်( အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာနှင့် သံသယလူနာများ ထားရှိသော စံလင်းဖြိုး ကွာရက်တင်းစင်တာကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ခြင်းကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းမင်းထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးကျော်ဝင်းလှိုင်၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်တို့က လာအိုနိုင်ငံမှ နေရပ်ပြန်များအား ကွာရက်တင်း ထားရှိမှုနှင့် ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများအား ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စံလင်းဖြိုး ကွာရက်တင်းစင်တာတွင် လာအိုနိုင်ငံမှနေရပ်ပြန် ၆၅ ဦးနှင့် ဒေသမှပိုးတွေ့အတည်ပြုလူနာ ၅၆ဦး၊ စုစုပေါင်း ၁၂၁ ဦး ရှိကြောင်း၊ လာအိုနိုင်ငံမှ နေရပ်ပြန်များကို သတ်မှတ် ၁၄ ရက် ကာလအတွင်း နှာခေါင်းနှင့် အာခေါင်တို့ဖတ်သုံးကြိမ်ရယူစစ်ဆေးခဲ့ပြီး ပိုးကင်းစင်ကြောင်းသိရှိရသဖြင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ၎င်းတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး ပိုးတွေ့အတည်ပြုလူနာများကို ဆေးကုသမှုပေးလျက်ရှိကြောင်း စံလင်းဖြိုး ကွာရက်တင်းစင်တာ တာဝန်ခံ ဦးဘိုစံထံမှ သိရသည်။

**ယာဆေး ( ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး(Booster Dose) ဆက်လက်ထိုးနှံပေးနိုင်ရေး ခရိုင်အဆင့်လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပခုက္ကူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး (Booster Dose) ထိုးနှံနိုင်ရေးအတွက် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ခရိုင်အဆင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်က ခရိုင်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီဝင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်နိုင်ဝင်းက ကိုဗစ်–၁၉ ရောဂါရှိ/မရှိစစ်ဆေးပေးနေမှုများနှင့်ရောဂါပိုးတွေ့ရှိမှုအခြေအနေများ၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် စနစ်တကျ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ကာကွယ်ဆေး ထိုးနှံပေးမှုအခြေအနေများ၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အရပ်ဘက်လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှု အခြေအနေများအကြောင်းတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပခုက္ကူခရိုင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးစားပေး ဦးတည်အုပ်စုများအလိုက် ကိုဗစ်–၁၉ ရောဂါကာကွယ် ထိုးနှံပေးနေမှုများ၊ အသိပညာပေးရေး၊ Quarantine Center ဖွင့်လှစ်ထားရှိရေး၊ မြို့အဝင်၊ အထွက်ရှိ စစ်ဆေးရေးဂိတ်များတွင် အရှိန်အဟုန်မပျက် စစ်ဆေးရေး၊ ဈေးရောင်း၊ ဈေးဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ လှုပ်ရှားဆောင်ရွက်ရေးနှင့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) စနစ်တကျ တပ်ဆင်သွားလာရေး အကြောင်းတို့ကို ရှင်းလင်းဆွေးနွေး ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**





အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ

မိမိအိမ်တွင်သာ နေပါ

# ပဲခူးမြို့တွင်း ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ပြင်ဆင်

ပဲခူး ဖေဖော်ဝါရီ ၂၀

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ပဲခူးမြို့တွင်း ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ခေါင်းဆေးကျွန်းကန်အား တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် ဒိုက်ပင်များ၊ ကိုင်းပင်များ၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ကန်ဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့တွင်း ရန်ကုန်- မန္တလေးကားလမ်း ရေကျော်ခြင်းနှင့် အနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်ခြင်းမှ ကာကွယ်ရန် ရှေးဟောင်းသမိုင်းဝင် ခေါင်းဆေးကျွန်းကန်သည် အဓိကဖြစ်သည့်အတွက် ယခုအချိန်ကတည်းက ကန်ဆယ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးရခြင်းဖြစ်၍ စနစ်တကျ ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များရှိပါက တင်ပြပေးရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေး လမ်းမကြီးအား လမ်းလယ်ကျွန်း လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့တွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် ကျိုက်ပွန်ဘုရားလမ်း၊ ရပ်ကွက်ကြီး (၆) အတွင်းရှိ လမ်းများ၊ ရေနုတ်မြောင်းများနှင့် ပလက်ဖောင်းများ တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး လမ်းပခုံးသားများ အမာခံရရှိသည်အထိ တစ်ပါတည်းစီစဉ်ဆောင်ရွက်သွားရန်၊ လမ်းနှင့် ရေနုတ်မြောင်းအား မြေပြင်အနိမ့်အမြင့် သေချာချိန်ညှိ၍ ရေစီးဆင်းမှု ကောင်းမွန်စေရေး ဆောင်ရွက်ကြရန်၊ အစိုးရမှ ဆောင်ရွက်ပေးထားသည့် လမ်းနှင့် ရေနုတ်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရပ်ကွက်နေပြည်သူများအား စည်းရုံးဆောင်ရွက်သွားရန်နှင့် သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ရန်ကုန်-မန္တလေးလမ်းနှင့် အနောက်ဘက် မြို့ရှောင်လမ်းထိပ် လမ်းဆုံ၌ အများပြည်သူ အပန်းဖြေနိုင်စေရေး သန့်ရှင်းသပ်ရပ်လှပသော ပန်းခြံတည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးရာ သတ်မှတ်ဒီဇိုင်းပုံစံများအတိုင်း စနစ်တကျတည်ဆောက်နိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ယာဉ်အန္တရာယ်/လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဟင်္သာကုန်းဘုရား၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ စေတနာရှင် ပြည်သူများနှင့် စုပေါင်းကာ ခတ်လှေကား တည်ဆောက်နေမှုနှင့် ဟံသာဝတီ ရှေးဟောင်းကျုံး ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး တူးဖော်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# မိတ္ထီလာမြို့နယ်၌ ထန်းလျက် တစ်ပိဿာ ကျပ် ၃၀၀၀ အထိ ဈေးကောင်းရ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**

မိတ္ထီလာတွင် ယခုနှစ်၌ ထန်းလျက် ဈေးကောင်း၍ မိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင် ထန်းလျက်ချက် ရောင်းချသည့် တောင်သူများ မိသားစုဝင်ငွေ ပိုမိုရရှိ၍ အဆင်ပြေ လျက်ရှိကြောင်း ဒေသခံထန်းလျက်ချက် တောင်သူများထံမှ သိရသည်။

"မနှစ်က ထန်းလျက်ဈေး မကောင်းခဲ့ဘူး။ တစ်ပိဿာကို ငွေကျပ် ၁၃၀၀၊ ငွေကျပ် ၁၄၀၀ လောက်အထိပဲ ရောင်းခဲ့ရတာ။ ဒီနှစ်တော့ ထန်းလျက် တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ကနေ ငွေကျပ် ၃၀၀၀ အထိ ရောင်းချရတယ်။ ငါးရက် တစ်ဈေးဖြစ်တဲ့ ရေဝေကျေးရွာဈေးမှာပဲ ချက်ပြီးသား ထန်းလျက်တွေကို သွားရောင်းချပါတယ်။ တစ်ဈေးကို ထန်းလျက် ၁၀ ပိဿာလောက် ရောင်းချရရင် ငွေကျပ် ၃၀၀၀၀ ရတယ်။ အိမ်က အိမ်ထောင်ဦးစီးက ထန်းတက်၊ ကျွန်မက ထန်းလျက်ချက်ပြီး တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် ဒီလိုထန်းလျက်ချက် ရောင်းချတာကို လုပ်ကိုင်ပါတယ်။ ဒီနှစ် ထန်းလျက် ဈေးကောင်းတဲ့အတွက် မနှစ်ကထက် ပိုမိုပြီး မိသားစု ဝင်ငွေရတာကြောင့် အဆင်ပြေတယ်"ဟု တပျော်ကျေးရွာအုပ်စု တမာပင်ကျေးရွာမှ ထန်းလျက်ချက်လုပ်ငန်း လုပ်ကိုင်သည့် တောင်သူဒေါ်သိန်းနုက ပြောသည်။



ထန်းလျက်သည် မြန်မာ့ရိုးရာ အစားစာထဲတွင် ပါဝင်ပြီး ကျေးလက်ဒေသများတွင် ထမင်းစားပြီးချိန်၌ အချိုပွဲတည်လျှင် ထန်းလျက်စား၍ ရေနွေးကြမ်းသောက်ကြသည့် ဓလေ့၊ ထန်းလျက်ပေါ်ချိန်တွင် ညှော့သည်လာချိန်၌ ထန်းလျက်နှင့် ရေနွေးကြမ်းတည်ခင်းဧည့်ခံသည့် ဓလေ့များရှိသည်။ တပို့တွဲလ အချိန်တွင် ထန်းတက်၍ ထန်းလျက်ချက်လုပ်ငန်းများမှ ရရှိသော ထန်းလျက်ကို တပို့ဦး ထန်းလျက်ဟု ခေါ်လေ့ရှိပြီး တခြားသောအချိန်များတွင် ချက်လုပ်သည့် ထန်းလျက်ထက် တပို့ဦးထန်းလျက်သည် ဆေးဖက်ဝင်၍ ပိုမိုအရသာကောင်းမွန်ကြောင်း သိရသည်။ **ချမ်းသာ**

# ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ပခုက္ကူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ပထမအပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ပခုက္ကူမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာခြောက်ရွာတွင် ကျေးရွာအဝင်နှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခြောက်ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ ရန်ပုံငွေကျပ် သိန်း ၆၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၇၂ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၀၇၂ ဒသမ ၅ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် လုပ်ငန်းအားလုံး၏ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ် ကြောင်း ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ ရိုးယာ၊ အိုးဘို၊ ကျွန်းအို၊ အရှေ့ငကျော်၊ လှည်းချောင်းပေါက်၊ ကူကျွန်း ကျေးရွာတို့ဖြစ်ကြောင်း၊ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာ ခြောက်ရွာရှိ အိမ်ထောင်စု ၇၄၃ စု၊ လူဦးရေ ၃၀၄၉ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်(ကျေးလက်)**

# ကိုဗစ် -၁၉ ရောဂါ ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်၌ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ နှစ်ခုမှ Mask ၁၂၀၅၅ Kg ၊ Glucose And Sodium Chloride Injection ၁၀၃၂၀ ၊ Syringe ၂၆၆၁၆ ခုတို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

လမ်းမီးများကို
အလင်းရောင်ရှိသော
အချိန်များ၌
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# မျိုးမှန်၊ မြေမှန်၊ ရာသီဥတုမှန်၊ စိုက်နည်းမှန်ကို ဦးတည်ပြီး လုပ်ရတာမို့ အဓိက မျိုးမှန်ရရှိဖို့ လာရောက် လေ့လာရခြင်းဖြစ်ပါတယ်

**ဦးစိန်မောင်မြင့် (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မျိုးစေ့ပြပွဲ ၂၀၂၂ ကို နေပြည်တော်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပလျက်ရှိသည်။**

**ထိုသို့ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့်ပြပွဲသို့ မြန်မာနိုင်ငံ မျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များ တစ်ခဲနက် လာရောက်လေ့လာလျက်ရှိရာ ပြပွဲကျင်းပပေးမှုနှင့် ပတ်သက်၍ ၎င်းတို့၏အမြင်သဘောထားများကို တင်ပြလိုက်ရပါသည်။**



**ဦးစိန်မောင်မြင့် (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

ကျွန်တော် အဓိက စိုက်ပျိုးတာက ကြံ၊ စပါး၊ ပဲ၊ ပြောင်းနဲ့ နှမ်းကို စိုက်ပျိုးပါတယ်။ အခု လာရောက်လေ့လာရင်း စိုက်ပျိုးရေးနည်းပညာတွေကို ဌာနက တာဝန်ရှိတဲ့သူတွေနဲ့ မေးမြန်းပြီးတော့ တိုင်ပင်ပါတယ်။ အခု TBL Limited ကုမ္ပဏီက နှမ်းမျိုးတွေ ဝယ်လာတယ်။ နောက်ထပ် မတ်ပဲမျိုးကိုတော့ ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ အဆက်အသွယ် လုပ်ပြီးတော့ ဝယ်ယူဖို့ စီစဉ်ထားပါတယ်။

ကျွန်တော်တို့ တောင်သူတွေက မှန် (၄)မှန်ဖြစ်တဲ့ မျိုးမှန်၊ မြေမှန်၊ ရာသီဥတုမှန်၊ စိုက်နည်းမှန်ကို ဦးတည်ပြီး လုပ်ရတာမို့ အဓိက မျိုးမှန်ရရှိဖို့ လာရောက်လေ့လာရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မှာရှိတဲ့ ပင်ကိုမျိုး တွေက ကျွန်တော်တို့ မြေ၊ ရာသီဥတုနဲ့ သိပ်မကိုက်ညီတော့တဲ့အတွက် ကိုက်ညီနိုင်မယ့်မျိုးကို ရှာရပါတယ်။ မျိုးကောင်းမျိုးသန့်တွေလည်း ကျွန်တော်တို့ ရကြပါတယ်။

စိုက်နည်း ပျိုးနည်းတွေကလည်း ကျွန်တော်တို့ မိဘဘိုးဘွားတွေရဲ့ စိုက်နည်းနဲ့ မတူတော့တာမို့ အထွက်နှုန်းများများ လိုချင်တဲ့အတွက် ဒီပွဲတော်ကို အားကိုးပြီး လာတာပါ။ တောင်သူတွေအနေနဲ့လည်း ကြီးပွားတိုးတက်ဖို့ဆိုရင် နည်းစနစ်ကောင်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ လိုပါတယ်။ ဒီအတိုင်း ကိုယ့်ရဲ့မိရိုးဖလာနဲ့ လုပ်နေမယ်ဆိုရင် ထွက်နှုန်းမြင့်မြင့်လည်း မရနိုင်ပါဘူး။ အဲဒီအတွက် လုပ်ငန်းတွေ အဆင်ပြေ တိုးတက် အောင်မြင်ဖို့ဆိုရင် ဒီလိုပြပွဲမျိုးကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးတင်ထွန်း (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

ကျွန်တော်တို့ကတော့ စိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ရတဲ့တောင်သူတွေ



ဆိုတော့ မျိုးကောင်းမျိုးသန့် ရဖို့အတွက် စိတ်ဝင်စားပါတယ်။ ကျွန်တော်တို့မှာ လက်ရှိ ရှိနေတဲ့မျိုးတွေဟာ မျိုးကောင်းမျိုးသန့်တွေ မဟုတ်တဲ့အတွက် အထွက်နှုန်းလည်း လျော့တယ်။ ဒါကြောင့် အခုလို မျိုးကောင်းမျိုးသန့်တွေ ပြသထားတဲ့အတွက် တော်တော်လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ တောင်သူတွေအတွက်လည်း ဗဟုသုတအများကြီးရပါတယ်။

ကျွန်တော်တို့က လက်တွေ့လုပ်နေရတဲ့ တောင်သူတွေဆိုတော့ ဒေသအလိုက်မှာ ထွက်တဲ့မျိုးစေ့တွေကို လက်လှမ်းမမီဘူး။ အခုလို တစ်နေရာတည်းမှာ စုံစုံလင်လင် ပြသထားတဲ့အတွက် ဗဟုသုတတွေ ရရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ ကိုယ့်ဒေသနဲ့ ကိုက်ညီမယ့် မျိုးစေ့တွေကို ရနိုင်ဖို့အတွက် လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးစောထွေး (ပြပွဲသို့ လာရောက် လေ့လာသည့် တောင်သူ)**

ကျွန်တော်က စပါးစိုက်တယ်။ ကျွန်တော်တို့ နေပြည်တော်က မိုးကောင်းတော့ ဝါစိုက်ရတာ အဆင်မပြေဘူး။ အခုတော့ ဒီစကားဝိုင်းကို လာရောက်နားထောင်တဲ့အတွက် ဝါနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ များစွာရရှိပါတယ်။ ဝါနဲ့ပတ်သက်တဲ့ မျိုးကောင်းမျိုးသန့်ကို ဘယ်လိုဝယ်ယူ စိုက်ပျိုးရမလဲဆိုတာကို လေ့လာခွင့်ရရှိပါတယ်။ ဒီလို တောင်သူအသိပညာပေး စကားဝိုင်းတွေ ပါရှိတဲ့အတွက် ဝါမစိုက်ဖူးတဲ့ ကျွန်တော်တို့လို တောင်သူတွေအတွက် များစွာ အထောက်အကူပြုပါတယ်။

**မခင်မျိုးခိုင်**
**(Agro Bio Product Co.,Ltd)**

အခုလို မျိုးစေ့ပြပွဲ ပြုလုပ်တဲ့အတွက် မျိုးကောင်းမျိုးသန့်အသစ်တွေ အများကြီး ပေါ်လာတာရှိပါတယ်။ ဒါကြောင့်မို့ တောင်သူတွေအနေနဲ့လည်း ကိုယ့်ဒေသနဲ့ ကိုက်ညီတဲ့မျိုးတွေကို ရွေးချယ်ခွင့်အများကြီးရတယ်။ ကိုယ့်ဒေသရဲ့ ရေမြေ၊ သဘာဝနဲ့ကိုက်ညီတဲ့ မျိုးတွေကို



ဦးစောထွေး (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)

ရွေးချယ်ပြီးတော့ စိုက်ပျိုးဖို့အတွက် အခွင့်အရေးတွေ တော်တော်များပါတယ်။ တောင်သူတွေအနေနဲ့ မျိုးစေ့ပြပွဲကို လာတဲ့အခါ ကုမ္ပဏီတွေနဲ့လည်း တိုက်ရိုက်တွေ့လိုရတယ်။ ဌာနဆိုင်ရာတွေနဲ့လည်း တိုက်ရိုက်ထိတွေ့ခွင့်ရတဲ့အတွက်ကြောင့်မို့ နည်းပညာတွေလည်း အများကြီးရရှိမှာ ဖြစ်ပါတယ်။

ဒီမှာ စိုက်ပျိုးနည်းစနစ်တွေနဲ့ ပတ်သက်ပြီး မေးမြန်းတာတွေကို ဌာနဆိုင်ရာ တာဝန်ရှိသူတွေက ဖြေပေးလို့လည်း ရပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း သူတို့ မျိုးစေ့အနေအထားနဲ့ပတ်သက်လို့ တောင်သူတွေကို ရှင်းရှင်းလင်းလင်းသိအောင် ရှင်းပြပေးခွင့်ရတဲ့အတွက် တောင်သူတွေအတွက် အလွန်ကောင်းတဲ့ အခွင့်အလမ်းတစ်ခုပါပဲ။ သူတို့အနေနဲ့ နည်းပညာတွေနဲ့ ပတ်သက်လို့ရှိရင်လည်း မသိတာတွေရှိရင် ချက်ချင်း မေးမြန်းလို့ရပါတယ်။ နောက်တစ်ခုကတော့ တောင်သူအချင်းချင်း စိုက်ပျိုးမှုနည်းစနစ်တွေ မတူကြတဲ့အတွက် နည်းပညာတွေကို ဖလှယ်ခွင့်လည်းရပါမယ်။ တောင်သူတွေအနေနဲ့ အလွန်တက်သင့်တဲ့ ပွဲတစ်ပွဲ ဖြစ်ပါတယ်။

**ဦးစိုးဝင်း (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးပါဝင်ဆွေးနွေးစို့ ခေါင်းစဉ်မှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော် ဆွေးနွေးတဲ့အပိုင်းကတော့ မျိုးစေ့ဈေးတွေ ကြီးမားတဲ့အတွက် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ပြီး နီးစပ်တဲ့ ပတ်ဝန်းကျင်မှာ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ဖို့အတွက် လက်လှမ်းမီသလောက်ဆွေးနွေးခဲ့ပါတယ်။

ဒီပွဲတော်မှာဆိုရင် စိုက်ပျိုးရေး ဦးစီးဌာနက ထုတ်လုပ်ထားတဲ့ မျိုးစေ့တွေနဲ့ ကုမ္ပဏီတွေက ထုတ်လုပ်ထားတဲ့ မျိုးစေ့



မခင်မျိုးခိုင်
(Agro Bio Product Co.,Ltd)

တွေ အစုံအလင် ပြသထားတဲ့အတွက် တောင်သူတွေအနေနဲ့ မိမိဒေသနဲ့ ကိုက်ညီတဲ့ မျိုးစေ့တွေကို ရှာဖွေဝယ်ယူ စုဆောင်းပြီးတော့ စိုက်ပျိုးနိုင်တာကြောင့် တောင်သူတွေအတွက် အကျိုးရှိပါတယ်။

ဒီမျိုးစေ့ပြပွဲတော်မှာ တောင်သူတွေအတွက် အဓိက နံပါတ်တစ်အရေးကြီးတာ မျိုးပေါ့နော်။ မျိုးဟာ အင်မတန်အရေးကြီးတဲ့အတွက် မိမိတို့အနေနဲ့ လာရောက်ပြီးတော့ ကိုယ်နှစ်သက်ရာမျိုးတွေကို ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပြီးတော့ ဝယ်ယူနိုင်တယ်။ နောက်တစ်ခုကတော့ ကိုယ့်ဒေသနဲ့ ကိုက်ညီတဲ့ မျိုးတွေကို ဒီပွဲတော်မှာ ရှာဖွေနိုင်တယ်၊ စုံစမ်းနိုင်တဲ့အပြင် တောင်သူအချင်းချင်း နည်းပညာတွေ ဖလှယ်ကြတာတွေ၊ ဌာနဆိုင်ရာတွေက မေးခွန်းတွေ ပြန်လည်ဖြေကြားတာတွေ ပါတဲ့အတွက် တောင်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေ ရရှိတဲ့အတွက်ကြောင့် လာရောက်ပြီးတော့



ဦးစိုးဝင်း (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)

ပွဲတက်ဖို့ တိုက်တွန်းလိုပါတယ်။

**ဦးမြင့်သိန်း (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

ကျွန်တော်တို့ တောင်သူလယ်သမားတွေ အသိပညာနည်းနေတဲ့ အချိန်မှာ သက်ဆိုင်ရာဌာန လူကြီးတွေက နည်းမှန်လမ်းမှန်စနစ်တွေ ဖြစ်လာစေဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနည်း၊ ထုတ်လုပ်နည်းတွေကို စေတနာထားပြီး လုပ်ပေးတဲ့အတွက် တောင်သူတွေ သီးနှံအထွက်တိုးပြီး ဝင်ငွေတွေ တိုးပွားလာမယ့်အတွက် ဝမ်းသာပါတယ်။

တောင်သူ လယ်သမားတွေဟာ ရှေးရိုးစွဲအလုပ်တွေ လုပ်နေတဲ့အတွက်ကြောင့် ကုန်ထုတ်စွမ်းအားစုတွေမှာ တိုးတက်အောင်မြင်အောင် လုပ်မပေးနိုင်ပါဘူး။ မျိုးကောင်းမျိုးစေ့တွေ ပေးမယ်၊ ထွန်ယက်နည်းစနစ်တွေနဲ့ နည်းပညာတွေ ပေးတဲ့တွက် ဝမ်းသာပါတယ်။ နောက်တစ်ခု လိုချင်တာကတော့ မြေဩဇာတွေကို သင့်တဲ့ဈေးနှုန်းနဲ့ အချိန်မီပံ့ပိုးပေးမယ်၊ မျိုးစေ့တွေ ထုတ်ပေးမယ်၊ ချေးငွေတွေကို ကျယ်ကျယ်ပြန့်ပြန့် တောင်သူတွေကို ပံ့ပိုးပေးနိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုတွေ ပိုပြီးတော့ များပြားလာပြီး တိုင်းပြည်သာယာဝပြော တိုးတက်လာမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း–**
**သန်းမင်းအောင်၊ နိုင်နိုင်ဝင်း**
**ဓာတ်ပုံ–နေသစ်**

**"တောင်သူတွေအနေနဲ့ ကြီးပွားတိုးတက်ဖို့ဆိုရင် နည်းစနစ်ကောင်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ လိုပါတယ်။ ဒီအတိုင်း ကိုယ့်ရဲ့မိရိုးဖလာနဲ့ လုပ်နေမယ်ဆိုရင် ထွက်နှုန်းမြင့်မြင့်လည်း မရနိုင်ပါဘူး။ အဲဒီအတွက် လုပ်ငန်းတွေ အဆင်ပြေ တိုးတက်အောင်မြင်ဖို့ဆိုရင် ဒီလိုပြပွဲမျိုးကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်"**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ သီရိမင်္ဂလာရုံကျောင်းတိုက် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ သီရိမင်္ဂလာရုံကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာရှိ ဘန့်ဘွေးကုန်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြစေတီကျောင်းတိုက်၊မန္တလေးတိုင်းဒေသကြီး ရန်ကင်းတောင်ခြေ ယမုံကြီးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ရွှေမျက်မှန် ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲ ၂၀၂၂(Seed Fair 2022) တတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဆက်လက်ကျင်းပသည်။**



မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) စိုက်ခင်းသို့ လာရောက်လေ့လာသူများကို တွေ့ရစဉ်။

ပြပွဲတွင် မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့၊ ပျိုးပင်၊ ပြခန်းပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိကပြခန်းများအပါအဝင် ပြခန်းပေါင်း ၃၅ ခန်း စုံလင်စွာ ခင်းကျင်းပြသထားသည်။

ထိုသို့ ခင်းကျင်းပြသထားမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးကို စိတ်ဝင်စားသူများ၊ မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင်ပြပွဲ၌ ဝါသီးနှံဖွံ့ဖြိုးဖို့ အားလုံးကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လယ်ယာကဏ္ဍကို



မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) တတိယနေ့တွင် လာရောက်လေ့လာသူများကို တွေ့ရစဉ်။

စိတ်ဝင်စားသူများအနေဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်အသုံးပြုခြင်းများနှင့် သက်ဆိုင်သည့် ဗဟုသုတများကို စုံလင်စွာလေ့လာခွင့် ရခဲ့ကြသည်။

ဝါသီးနှံဖွံ့ဖြိုးဖို့ အားလုံးကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ တောင်သူ ဦးစိုးဝင်းက "မျိုးစေ့ဈေးတွေ ကြီးမားတဲ့အတွက် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ပြီး နီးစပ်တဲ့ ပတ်ဝန်းကျင်မှာ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ဖို့နဲ့ ဝါစိုက်တောင်သူများ အစုအဖွဲ့အလိုက် ဈေးငွေရရှိရေးတို့ကို ဆွေးနွေးခဲ့ပါတယ်" ဟု ပြောကြားသည်။

မျိုးစေ့ပြပွဲ ၂၀၂၂ ကို မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လာရောက်လေ့လာနိုင်**

ယခုပြပွဲကို "လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များကို လာရောက်လေ့လာခွင့်ရမည့်အပြင် စိုက်ပျိုးရေး ဗဟုသုတများစွာလည်း ရရှိမည်ဖြစ်သည့်အတွက် လာရောက်လေ့လာနိုင်ရန် သတင်းကောင်းပါးအပ်ပါသည်။

**သတင်း - ခေတ်လူငယ်၊ ဓာတ်ပုံ - ကိုကိုထိန်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ သာကေတမြို့နယ်အသင်း ဗိုလ်စွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဖလားမြို့နယ် ပေါင်းစုံမြန်မာ့ရိုးရာ ခြင်းလုံးဝိုင်းဖွဲ့ အမှတ်ခတ်ဗိုလ်လုပွဲပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပရာ တတိယဆုကို မြောက်ဥက္ကလာမြို့နယ် အသင်းက လည်းကောင်း၊ ဒုတိယဆုကို အင်းစိန်မြို့နယ်အသင်းက လည်းကောင်း၊ ပထမဆုကို သာကေတမြို့နယ် အသင်းက လည်းကောင်း ဗိုလ်စွဲခဲ့သည်။

**တာဝန်ရှိသူများ တက်ရောက်**

ပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းတင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီး ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်က လည်းကောင်း၊ စီးပွားရေးရာ ဝန်ကြီး ဦးအောင်သန်းဦးက လည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း ဆုရအသင်း အသီးသီးသို့ ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသည့် သာကေတမြို့နယ်အသင်းအား ဆုချီးမြှင့်စဉ်။

# ဗိဿနိုးမြို့ဟောင်း သမိုင်းပုံရိပ်

*မြန်စာမြေသိန်းလွင်*

*ယမန်နေ့မှအဆက်*

၂၀၀၃ ခုနှစ် ဗိဿနိုးမြို့ဟောင်း တူးဖော်မှုတွင် ဗိဿနိုးမြို့ဟောင်း ကုန်းအမှတ်-၁၃ (BTO-13) မြေလွှာအမှတ် (၂)နှင့် (၃) အကြား မြေအနက် နှစ်ပေ နှစ်လက်မတွင် အုတ်အကျိုးအပဲ့များနှင့်အတူ ကြေးဗုဒ္ဓဆင်းတုတော် တစ်ဆူ၊ ကြေးခေါင်းလောင်း တစ်လုံး၊ ကြေးဆီမီးခွက်အရွယ်စုံ လေးခု စသည့်ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကပစ္စည်းများကို တူးဖော်တွေ့ရှိရပါသည်။

ကုန်းအမှတ်-၁၃ (BTO-13) မှ တူးဖော်တွေ့ရှိရသော ကြေးဗုဒ္ဓဆင်းတုတော်မှာ ဗိဿနိုးမြို့ဟောင်းအတွင်း ပထမဦးဆုံး တူးဖော်တွေ့ရှိရသော ဗုဒ္ဓဘာသာဆိုင်ရာ ဆင်းတုတော်ဖြစ်ပါသည်။ ကြေးဗုဒ္ဓဆင်းတုတော်မှာ ခြေနှစ်ဖက်ကိုချ၍ သက်သောင့်သက်သာစွာ ထိုင်နေတော်မူဟန် ပရလမ္ဗနသန (Pralambanasana) ပုံစံဖြစ်ပါသည်။ ဘယ်လက်တော်မှာ ဘယ်ဘက်ဒူးပေါ်တွင်အုပ်၍ အသာအယာတင်ထားဟန်ရှိပါသည်။ ညာဘက်လက်တော်မှာ ညာဘက်ပေါင်တော်ပေါ်မှ အနည်းငယ်မြင့်တက်လျက် လက်ဖဝါးကို အရှေ့ဘက်သို့ဖြန့်၍ လက်ညှိုးနှင့် လက်မကို ကွေးဝိုက်လျက်ထိထားသောဟန် ဝိတက္ကမုဒြာ (Vitarka mudra) ဖြင့် ရှိပါသည်။ ဝိတက္ကမုဒြာမှာ ပျူခေတ်ဆင်းတုတော်တို့တွင် ထင်ရှားသော မုဒြာဖြစ်၍ တစ်ခါတစ်ရံ လက်တော် နှစ်ဖက်လုံးတွင်လည်း ဝိတက္ကမုဒြာ (Double Vitarka Mudra) ဖြင့် သရုပ်ဖော် သွန်းလုပ်လေ့ရှိပါသည်။

ကြေးဗုဒ္ဓဆင်းတုတော်နှင့် သာသနိကပစ္စည်းများသည် ခရစ်နှစ် ၅ ရာစုအတွင်း ဗိဿနိုးမြို့ဟောင်းမှ ဗုဒ္ဓဆင်းတုကိုးကွယ်သော ဂိုဏ်းတစ်ခုခုမှ ပစ္စည်းများဖြစ်နိုင်ပါသည်။ ဗိဿနိုးမြို့ဟောင်းမှ ကြေးဗုဒ္ဓဆင်းတုတော်နှင့် သာသနိကပစ္စည်းများက ဗိဿနိုးမြို့ဟောင်း ပျူတို့၏ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှုဆိုင်ရာ သာသနိကပစ္စည်းများအဖြစ်သာမက ဘာသာရေးဆိုင်ရာ အနုပညာ (Religious Arts) ကိုလည်း ညွှန်ပြနေပါသည်။ ယခင်က ဗိဿနိုးမြို့ဟောင်းတွင် ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှုမရှိဟူသောအယူအဆကို ယခုတွေ့ရှိချက်က ကျော်လွှန်ပယ်ဖျက်လိုက်ပြီဖြစ်သည်။ ဗိဿနိုးခေတ်တွင် ဗုဒ္ဓဆင်းတုကို ထုလုပ်ကိုးကွယ်မှုရှိကြောင်းလည်း မှတ်ယူနိုင်ပါသည်။

### ဗိဿနိုးမြို့စာပေအထောက်အထား

ပျူတို့မှာ တိဗက်-မြန်မာအနွယ်ဝင်များဖြစ်ပြီး တိဗက်ကုန်းပြင်မြင့်မှ ရှေးဦးစွာ ဝင်လာသူများဖြစ်ကြသည်။ ဘာသာဗေဒဆန်းစစ်ချက်အရ ပျူဘာသာသည် အဆုံးသတ်ဗျည်းမဲ့၍ သံနေသံထားရှစ်ခုခန့်ရှိသော တိဗက်-မြန်မာ ဘာသာမျိုးဖြစ်သည်။ မြန်မာနှင့် နီးစပ်သည်ဟု ဆိုပါသည်။ ပျူတို့ဝင်လာသော ကာလကို ခရစ်တော်မပေါ်မီ ပထမနှစ်တစ်ထောင်ဖြစ်မည်ဟု ခန့်မှန်းပါသည်။ ခရစ်နှစ် ၁ ရာစုခန့်ကစတင်၍ ပျူများမှာ ထင်ရှားလာသည်။ ဗိဿနိုးမြို့ဟောင်းကုန်းအမှတ် (၂) တူးဖော်ရာမှရရှိသော မြေမီးဖုတ် တံဆိပ်တုံးတွင် "သံဃသိရိ"ဟူသော ဗြဟ္မီ အက္ခရာဖြင့် ရေးသားထားသည်။ ထိုမြေမီးဖုတ်တံဆိပ်တုံးကို အေဒီ ၂ ရာစုက လက်ရေးလက်သားဖြစ်ကြောင်း ပညာရှင်တို့က သတ်မှတ်ကြပါသည်။

### ဗိဿနိုးအိုးနှင့် မြေမီးဖုတ်အနုပညာ

ပျူအိုးများကို အိုးထိန်းစက်ဖြင့်ပြုလုပ်ကြောင်း တွေ့ရှိရသည်။ ပျူအိုးများကို သိုလှောင်အိုး၊ ချက်ပြုတ်အိုး၊ စားခွက်အိုး၊ သောက်ခွက်အိုး၊ အရိုးအိုးဟူ၍ ငါးမျိုး ခွဲခြားနိုင်သည်။ အမွှမ်းအမံ၊ အိုးငယ်နှင့် ဆီမီးခွက်များကို လက်ဖြင့်ပုံဖော်လေ့ရှိသည်။ အိုးပေါ်တွင် သီရိဝစ္ဆကလသာအိုး၊ ငါးနှစ်ကောင်၊ ဟင်္သာ၊ မြင်းအမှတ်အသား၊ လူရုပ်များကို



ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှု။

✻ **အထူးခြားဆုံးအနေဖြင့် ဆေးရေးခြယ်ထားသောအိုး (Painted Pottery)ကို တူးဖော်တွေ့ရှိခြင်းဖြင့် ဗိဿနိုးမြို့ဟောင်း ပျူလူမျိုးတို့၏ ပန်းချီအနုပညာဖန်တီးနိုင်မှုစွမ်းရည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုအရိုးအိုးများသည် ဗိဿနိုးပျူတို့၏ အိုးအတတ်ပညာကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးနိုင်မှု အနုပညာအရည်အသွေးကို ကောင်းစွာဖော်ညွှန်းလျက်ရှိပါသည်။ ဗိဿနိုးမြို့ဟောင်းရှိ ပျူလူမျိုးတို့၏ အိုးအတတ်ပညာသည် ဟန်လင်း၊ သရေခေတ္တရာနှင့် မိုင်းမောဒေသရှိ ပျူလူမျိုးတို့၏ အိုးအတတ်ပညာထက်သာကြောင်း နှိုင်းယှဉ်တွေ့ရှိရပါသည်**

တံဆိပ်ရိုက်ရေးခြယ်သထားသည်။ အရိုးအိုးများကို အရောင်တင်ခြင်း မရှိပေ။ အရိုးအိုးများကို လည်ရစ်၊ ဖောင်းရစ်၊ အရေးအကြောင်းများ၊ စောင်းတွန့်များ၊ အချို့အရိုးအိုးများတွင် အဖုံးနှင့် အိုးမ နှုတ်ခမ်းအောက်ခြေပိုင်းတွင် ငှက်ရုပ်ကလေးများပျံသန်းနေပုံ ပြုလုပ်ထားသည်။ ချက်ပြုတ်အိုး၊ ရေအိုး၊ ရေထည့်အိုးနှင့် အရိုးအိုးဟူ၍ ခွဲခြားသိနိုင်သည်။ ရေအိုးမှလွဲ၍ ကျန်အိုးများကို အိုးထိန်းစက်ဖြင့် ပြုလုပ်ထားသည်။ အိုးများကို လည်တံတို၊ လည်တံရှည်၊ နှုတ်ခမ်းပက်၊ နှုတ်ခမ်းထူ ပြုလုပ်ထားသည်။

ယခင်တူးဖော်မှုများက မြေကိန္နရီရုပ်၊ ခွေးရုပ်နှင့် ဖားရုပ်စသော မြေမီးဖုတ်ရုပ်ကြွအချို့ကို ရခဲ့ဖူးပါသည်။ သို့သော် ယခုကဲ့သို့ မြေမီးဖုတ်ကနုတ်လက်ရာ အဆင်တန်ဆာများမှာ ယခု ပထမဦးဆုံး တူးဖော်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဗိဿနိုးမြို့ဟောင်းမြောက်ဘက် မြို့ရိုးအပြင်ဘက်ရှိ အိုးထိန်းတောင်နေရာမှ ကုန်းအမှတ်-၁၉ (BTO-19)နှင့် ကုန်းအမှတ်-၂၀ (BTO-20) တို့ကို တူးဖော်ရာတွင် ပျူအရိုးအိုးပေါင်း အများအပြားတွေ့ရှိခဲ့ရပါသည်။ ထိုအရိုးအိုးများအနက် အိုးအဖုံးနှင့် အိုး၏နှုတ်ခမ်းနှင့် အောက်ခြေပိုင်းတို့တွင် ငှက်ရုပ်ကလေးများ ပျံနေဟန် သရုပ်ဖော်ထားသော အရိုးအိုး ခြောက်လုံးကို ထူးထူးခြားခြားတွေ့ရှိရပါသည်။ ထိုငှက်ရုပ်ကလေးများမှာလည်း တစ်အိုးနှင့်တစ်အိုး ဖွဲ့စည်းပုံ၊ အဆင်တန်ဆာပြုလုပ်ပုံမတူဘဲ ချိုးငှက်၊ ဥဒေါင်းငှက်၊ ငန်းငှက် စသည်ဖြင့် သရုပ်ဖော်ပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။ အိုးများကို အိုးထိန်းစက်ဖြင့် ပုံသွင်းပြုလုပ်ထားကြောင်း သိသာပါသည်။ သို့သော် အိုးများတွင်ပါရှိသော ငှက်ရုပ်ကလေးများ၊ ပန်းခက်များ၊ ဖောင်းလုံးများနှင့် ဖောင်းရစ်များ စသော အဆင်တန်ဆာအချို့ကို လက်ဖြင့်ပြုလုပ်ကာ အိုးကိုမီးမဖုတ်မီ တွဲကပ်အောင် စီရင်ပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။ အိုးသားမှာ အနည်းငယ်ကြမ်းတမ်းလှပါသည်။

ထူးခြားသောအိုးတစ်လုံးကိုမူ ကုန်းအမှတ်-၃၃ (BTO-33)တွင် တူးဖော်တွေ့ရှိခဲ့ပါသည်။ ထိုအိုးမှာ သင်္ကြန်အတာအိုးအရွယ်ခန့်ရှိပြီး အိုး၏ကိုယ်ထည်အပေါ်ပိုင်းတွင် လေးထောင့်ပုံစတုရန်းကွက်အတွင်းတွင် သမင်နှစ်ကောင်ရုပ်၊ ငါးနှစ်ကောင်ရုပ်၊ ခရုသင်းရုပ်၊ ငှက်ဖိုငှက်မရုပ် စသည့်ရုပ်ပုံများကို တံဆိပ်တုံး(Stamp)ဖြင့် တံဆိပ်ရိုက်နှိပ်၍ ပုံဖော်ထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် အထူးခြားဆုံးအနေဖြင့် ဆေးရေးခြယ်ထားသောအိုး (Painted Pottery)ကို တူးဖော်တွေ့ရှိခြင်းဖြင့် ဗိဿနိုးမြို့ဟောင်း ပျူလူမျိုးတို့၏ ပန်းချီအနုပညာဖန်တီးနိုင်မှုစွမ်းရည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုအရိုးအိုးများသည် ဗိဿနိုးပျူတို့၏ အိုးအတတ်ပညာကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးနိုင်မှုအနုပညာအရည်အသွေးကို ကောင်းစွာဖော်ညွှန်းလျက်ရှိပါသည်။ ဗိဿနိုးမြို့ဟောင်းရှိ ပျူလူမျိုးတို့၏ အိုးအတတ်ပညာသည် ဟန်လင်း၊ သရေခေတ္တရာနှင့် မိုင်းမောဒေသရှိ ပျူလူမျိုးတို့၏ အိုးအတတ်ပညာထက်သာကြောင်း နှိုင်းယှဉ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*



ကုန်းအမှတ်-၃၂ တူးဖော်မှုမှ တွေ့ရှိရသည့် ငှက်ရုပ်လေးများပါသော အရိုးအိုး



ကုန်းအမှတ်-၃၂ တူးဖော်မှုမှ ရရှိသည့် ဆေးခြယ်ထားသော အရိုးအိုး(Painted Pottery)

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၄ ရွာ၌ နွေရာသီ သောက်သုံးရေဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ယခုနှစ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်နိုင်သောကျေးရွာ ၁၄ ရွာကို ခန့်မှန်းစာရင်းကောက်ယူထားပြီး အဆိုပါကျေးရွာများအတွက် ရေများပေးဝေနိုင်ရန် ဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ နွေရာသီကာလ ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများ စာရင်းပြုစုရာတွင် မြို့နယ်ရှစ်မြို့နယ်ရှိ ခန့်မှန်းကျေးရွာ ၁၄ ရွာ သတ်မှတ်ထားပြီး ထိုခန့်မှန်းထားသည့် မြို့နယ်အလိုက် ကျေးရွာများမှာ မြစ်သားမြို့နယ်တွင် နှစ်ရွာ၊ ကျောက်ဆည်မြို့နယ်တွင် နှစ်ရွာ၊ တံတားဦးမြို့နယ်တွင် တစ်ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်ရွာ၊ မလှိုင်မြို့နယ်တွင် နှစ်ရွာ၊ မိတ္ထီလာမြို့နယ်တွင် တစ်ရွာ၊ ဝမ်းတွင်းမြို့နယ်တွင် နှစ်ရွာ၊ သာစည်မြို့နယ်တွင် နှစ်ရွာ စုစုပေါင်း၁၄ရွာရှိကာ ကျေးလက်နေပြည်သူများ ရေရှားပါးပြတ်လပ်မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေရာသီကာလမှာ မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ ရွာပေါင်း ၁၄ ရွာခန့် ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်နိုင်တဲ့ အချက်အလက်တွေ ကောက်ယူရရှိထားပါတယ်။ အဲဒီကျေးရွာ ၁၄ ရွာမှာ ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာရင် သူတို့နဲ့ အနီးဆုံး ရေအရင်းအမြစ် ဘယ်နေရာကနေ ပေးနိုင်မလဲဆိုတာကို ကွင်းဆင်းပြီးတော့ မှတ်တမ်းပြုစုထားပြီးပါပြီ။ ရေပြတ်လပ်တဲ့ရွာကို အချိန်မီ သွားရောက်ဖြန့်ဝေပေးနိုင်ဖို့အတွက် စက်သုံးဆီတွေကိုလည်း အဆင်သင့်ပြင်ဆင်ထားရှိထားပါတယ်။ ရေရရှိအောင် လုပ်ဆောင်ပေးတဲ့ အခါမှာလည်း မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ နွေရာသီရေရှားပါးပြတ်လပ်မှု ကြုံတွေ့တဲ့ရွာကို သောက်သုံးရေ ဖြန့်ဝေပေးသွားဖို့ ပြင်ဆင်ထားပါတယ်။ မြို့နယ်စည်ပင်၊ CSO၊ NGO အဖွဲ့တွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရေရှားပါး ပြတ်လပ်သည့် ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုကိုသာ အများဆုံး ကြုံတွေ့ရကြောင်း၊ ထိုသို့ ခန့်မှန်းထားသည့် ကျေးရွာများသာမက ခန့်မှန်းစာရင်းကောက်ယူထားခြင်းမရှိသည့် ကျေးရွာများ၌လည်း သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့ပါက ဌာနသို့ အချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်ရန် ဖုန်းနံပါတ်များကို ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နမ္မတူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နမ္မတူ ဖေဖော်ဝါရီ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ်ဦးစီးမှူးရုံးမှ "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားကတ်အလွယ်တကူ ကိုင်ဆောင်ခွင့်ရရှိစေရန် ရည်ရွယ်၍ နမ္မတူမြို့နယ် နားဆိုင်း၊ လွယ်ပြေး၊ နမ့်မျှော် စသည့် ကျေးရွာအုပ်စု သုံးစုအတွင်းရှိ တိုင်းရင်းသားပြည်သူ ၃၅၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းနှင့် ထပ်မံရရှိစေရေး ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် အခြေခံပညာ အထက်တန်း ကျောင်းခွဲ (နားဆိုင်း)၌ အခြေပြု၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ခဲ့သည်။



ထိုသို့ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဆန်းမြင့်တို့က နားဆိုင်း၊ လွယ်ပြေး၊ နမ့်မျှော် စသည့်ကျေးရွာအုပ်စု သုံးစုအတွင်းရှိ တိုင်းရင်းသားပြည်သူ ၃၅၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ထို့အပြင် မြို့နယ်ဦးစီးမှူး အပါအဝင် ဝန်ထမ်း ခုနစ်ဦး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မဲစာရင်းပုံစံ (က) ဇယား စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် တိုင်းရင်းသားပြည်သူ ၃၁ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထပ်မံထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**




*စာမျက်နှာ ၁၀ မှ*

### ဗိဿနိုးပျူဒင်္ဂါး

မြန်မာနိုင်ငံတွင် အစောဆုံးဒင်္ဂါးကို ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရှိရပါသည်။ ဒင်္ဂါးများကို အများအားဖြင့် ငွေဖြင့်ပြုလုပ်ကြသည်။ တစ်ခါတစ်ရံ ရှားပါးပြီး တွေ့ရခဲသော မြေမီးဖုတ်ဒင်္ဂါးများကိုလည်း တွေ့ရသည်။ တရုတ်မှတ်တမ်း (တန်ရာဇဝင်မင်းဆက်)တွင် ရွှေဒင်္ဂါးများတွေ့ရသည်။ ဒင်္ဂါးများကို ကျက်သရေမင်္ဂလာရှိသော အမှတ်အသားများ ထည့်သွင်းသုံးစွဲလေ့ရှိကြသည်။ ပျူဒင်္ဂါးများတွင် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော အမှတ်အသားများဖြစ်သည့် သီရိဝစ္ဆပုံ၊ ဘဒ္ဒပိဌပုံ၊ ဗိန္ဒုပြောက်၊ တက်နေဝန်း၊ ရောင်ခြည်ဖြာပုံ၊ ခရုသင်းပုံ၊ စကြာပုံတို့ ပါရှိကြသည်။ ဒင်္ဂါးများမှာ ယနေ့ခေတ်ကာလ ကျပ်စေ့အရွယ်၊ ငါးမူးစေ့အရွယ်များထက် အနည်းငယ်ကြီးသည်ကို တွေ့ရှိရပါသည်။ ဒင်္ဂါးများကို ငွေကြေးအဖြစ် သုံးစွဲခဲ့ဟန်တူပါသည်။

### ဗိဿနိုးပျူအုတ်


ပျူတို့သည် မြို့ရိုးများ၊ နန်းတော်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အုတ်ချပ်များဖြင့် ခိုင်မာစွာ တည်ဆောက်ကြသည်။ ဗိဿနိုးမြို့ဟောင်းတွင် (၁၈ လက်မ x ၉ လက်မ x ၃ လက်မ) အရွယ်အစားရှိသော အုတ်ချပ်ကြီးများဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာပြင်မှာ အုတ်ချပ်ကြီးများကို သုံးပြီး အတွင်းဝမ်းစာမှာ အုတ်ချပ်ငယ်များ သုံးထားသည်ကို တွေ့ရှိရပါသည်။ ဗိဿနိုးတွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အုတ်ချပ်များကိုတွေ့ရပြီး အဆောက်အအုံများဆောက်ရာ အလှဆင်အုတ်များအဖြစ် အသုံးပြုခဲ့ကြဟန်တူသည်။ ပျူအုတ်များတွင် လက်ရေးစင်းရာပါသော အုတ်ချပ်များကိုတွေ့ရပြီး ပျူစာများရေးထိုးထားသည်ကိုလည်း တွေ့ရပါသည်။ အုတ်ချပ်များအတွင်းတွင် မီးအကျက်ညီစေရန်အတွက် စပါးခွံများကို ထည့်သွင်းမီးဖုတ်ထားကြောင်းတွေ့ရပြီး ငစိန်မျိုးရင်းဝင် စပါးမျိုးများဖြစ်ကြောင်း သိရသည်။

### ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်

ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သည် ဗိဿနိုးမြို့ဟောင်း၏ အရှေ့တောင်ထောင့်တွင် တည်ရှိသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်အတွင်းတွင် ဗိဿနိုးမြို့ဟောင်း တူးဖော်မှုမှရရှိသော ရှေးဟောင်းပစ္စည်းများကိုသာမက ဗိဿနိုးမြို့ဟောင်းပတ်ဝန်းကျင်မှ စုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများကိုလည်း ပြသထားသည်။ ပျူတို့အသုံးပြုခဲ့သောအိုးများ၊ အရိုးအိုးများ၊ ရွှေ၊ ကျောက်၊ မြေမီးဖုတ်ပုတီးများ၊ ရွှေလက်စွပ်၊ ကြေးထည်၊ သံထည်ပစ္စည်းများကို ပြသထားသည်။

ဗိဿနိုးမြို့ဟောင်းသမိုင်းပုံရိပ်ကို ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသည့် ခရီးသွားဧည့်သည်များ ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက လူထုဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပျက်စီးလျက်ရှိသော ကုန်းဟောင်းများကို ပြုပြင်ခြင်း၊ ခရီးသွားများ၊ လေ့လာသူများ သွားလာရေးလွယ်ကူချောမွေ့စေရန် လမ်းများဖောက်လုပ်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ရိုက်နှိပ်ဝေငှခြင်း၊ ပြတိုက် အဆင့်မြှင့်တင်ခြင်း၊ သုတေသနပြု တူးဖော်ခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပျူယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာပျူမြို့ဟောင်းများကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ရာတွင် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ပြီး ဖြစ်ပါသည်။ ။



ဗိဿနိုး ပျူဒင်္ဂါးများ



ဗိဿနိုး ပျူအုတ်များနှင့် အုတ်စီပုံစနစ်



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်း ဆက်ပြီးဗဟုသုတဖြစ်ဖွယ်ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ Forming Adjectives (နာမဝိသေသန ဖွဲ့စည်းခြင်း) ကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့တကွ လွယ်ကူရိုးရှင်းစွာ ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about food and cooking–3" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ Antonyms (အဓိပ္ပာယ်ဆန့်ကျင်ဘက်) စကားလုံးများကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

#### Forming Adjectives (နာမဝိသေသနဖွဲ့စည်းပုံ)

Adjectives (နာမဝိသေသန) များကို Nouns (နာမ်) များမှသော်လည်းကောင်း Verbs (ကြိယာ) များမှသော်လည်းကောင်း ပြောင်းလဲဖွဲ့စည်းနိုင်သည်။ ထိုသို့ပြောင်းလဲဖွဲ့စည်းရာတွင် နောက်ဆက်စကားလုံးများဖြစ်သည့် –ous၊ –able၊ –ish၊ –ful၊ –less၊ –en၊ –some၊ –ive၊ –al၊ etc စသည့်စကားလုံးများပေါင်းထည့်ပြီး Adjectives (နာမဝိသေသန) များအဖြစ်ဖွဲ့စည်းနိုင်သည်။ ဥပမာ–

- There are many **mountains** in this country.
  This country is **mountainous**.
- We **enjoyed** ourselves at the party.
  The party was **enjoyable**.




ပထမဝါကျတွင် mountains ဆိုသည့် Noun (နာမ်) ကို နောက်ဆက်စကားလုံး –ous ပေါင်းထည့်ပြီး mountainous ဆိုပြီး Adjective (နာမဝိသေသန) အဖြစ် ပြောင်းလဲရေးသားထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အတူ ဒုတိယဝါကျတွင် enjoyed ဆိုသည့် Verb (ကြိယာ) ကို နောက်ဆက်စကားလုံး –able ပေါင်းထည့်ပြီး enjoyable ဆိုပြီး Adjective (နာမဝိသေသန) အဖြစ် ပြောင်းလဲရေးသားထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

အောက်တွင် တခြားစကားလုံး (Other words) များမှ Adjectives (နာမဝိသေသန)များအဖြစ် ပြောင်းလဲဖွဲ့စည်းထားပုံကို နားလည်သဘောပေါက်စေရန် ခြုံငုံဖော်ပြလိုက်ပါသည်။

| Words | Adjectives |
|---|---|
| accident (မတော်တဆထိခိုက်ဒဏ်ရာရရှိမှု) | accidental (မတော်တဆဖြစ်သော) |
| adventure (စွန့်စားခန်း၊ စွန့်စားမှု) | adventurous (သည်းထိတ်ရင်ဖို့စွန့်စားရသော) |
| anger (ဒေါသ) | angry (ဒေါသထွက်သော) |
| beauty (လှပခြင်း၊ တင့်တယ်ခြင်း) | beautiful (လှပသော) |
| boy (လူကလေး၊ ယောကျ်ားလေး) | boyish (ယောကျ်ားလေးနှင့်ဆိုင်သော) |
| care (စောင့်ရှောက်ပြုစုခြင်း) | careful (ဂရုစိုက်သော) |
| caution (သတိ၊ သတိပေးခြင်း) | cautious (သတိရှိသော) |
| centre (အလယ်၊ ဗဟို) | central (အလယ်ဗဟိုဖြစ်သော၊ အချက်အချာကျသော) |
| child (ကလေး) | childish (ကလေးကလားနိုင်သော) |
| choose (ရွေးချယ်သည်) | choosy (စေ့စေ့စပ်စပ်ရွေးချယ်သော၊ ဇီဇာကြောင်သော) |
| circle (စက်ဝိုင်း၊ အသိုင်းအဝိုင်း) | circular (ဝိုင်းသော) |
| collect (စုဆောင်းသည်၊ သိမ်းဆည်းသည်) | collective (စုပေါင်းထားသော) |
| comfort (သက်သောင့်သက်သာရှိခြင်း) | comfortable (သက်သောင့်သက်သာဖြစ်သော) |
| coward (သတ္တိနည်းသူ၊ သူရဲဘောင်ကြောင်သူ) | cowardly (သတ္တိနည်းသော၊ သူရဲဘောကြောင်သော) |
| cruelty (ရက်စက်မှု) | cruel (ရက်စက်သော) |
| danger (ဘေး၊ အန္တရာယ်) | dangerous (အန္တရာယ်ရှိသော) |
| describe (ဖော်ပြသည်) | descriptive (သရုပ်ဖော်ထားသော) |
| distance (အကွာအဝေး၊ ခရီး) | distant (ဝေးကွာသော) |
| enjoy (သာယာကြည်နူးသည်၊ ပျော်သည်) | enjoyable (ပျော်စရာကောင်းသော) |
| faith (ယုံကြည်မှု၊ သဒ္ဒါတရား) | faithful (သစ္စာရှိသော၊ ယုံကြည်အားထားရသော) |
| fame (ကျော်ကြားမှု) | famous (ကျော်ကြားသော) |
| father (ဖခင်၊ အဖ၊ အဖေ) | fatherly (ဖခင်ကဲ့သို့သော) |
| fool (လူရူး၊ လူမိုက်၊ လူအ) | foolish (မိုက်မဲသော၊ ရူးမိုက်သော) |
| forget (မေ့သည်) | forgetful (မေ့လျော့တတ်သော) |
| fortune (ကံ၊ ကံကြမ္မာ) | fortunate (ကံကောင်းသော) |
| friend (မိတ်ဆွေ၊ သူငယ်ချင်း) | friendly (ဖော်ရွေသော) |
| girl (မိန်းကလေး) | girlish (ကန့်ကလျဖြစ်သော) |
| gold (ရွှေ) | golden (ရွှေရောင်၊ ရွှေသား၊ နှစ်သက်ကြည်နူးဖွယ်ကောင်းသော) |

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. exquisite old French
2. kind old Indian
3. glamorous young Hollywood
4. small green European
5. sturdy old brown
6. beautiful small red
7. large orange Japanese
8. lovely long red
9. sturdy tall old
10. intricate old Italian

**Exercise (2) မှအဖြေများ**

1. unemployed
2. poor
3. young
4. rich
5. supernatural
6. dedicated
7. impossible
8. past
9. sick
10. disabled

## VOCABULARY (ANTONYMS)

| | | | |
|---|---|---|---|
| cry (ငိုသည်) | ≠ | laugh | (ရယ်မောသည်) |
| daily (နေ့စဉ်နေ့တိုင်း) | ≠ | nightly | (ညစဉ်ညတိုင်း) |
| danger (ဘေးအန္တရာယ်) | ≠ | safety | (ဘေးကင်းလုံခြုံမှု) |
| dark (မှောင်မိုက်သော) | ≠ | bright | (လင်းသော၊ တောက်ပသော) |
| dawn (မိုးသောက်ချိန် အာရုဏ်) | ≠ | dusk | (မှောင်စချိန် နေဝင်ရီတရော) |
| day (နေ့) | ≠ | night | (ည) |
| debtor (မြီစား၊ ကြွေးပေးရမည့်သူ) | ≠ | creditor | (မြီရှင်၊ ကြွေးရှင်) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–3

ဒီတစ်ပတ်မှာတော့ အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လို ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို **"Shortest way to talk about food and cooking–3"** ဆိုပြီး ဆက်ဖော်ပြလိုက်ပါတယ်။




**... twice a week**

**...D2 Adjective than...**

**I prefer ...**

ပထမဆုံးအောက်က မေးခွန်းလေးတွေ ကို ဖြေကြည့်ပါအုံး။

Do you cook much?

- I cook every day.
- I don't cook much – maybe once or twice a day.
- I don't cook. I've never learned how!

If you don't cook, what can you do for food?

- I eat in the **canteen** (စက်ရုံ၊ အလုပ်ရုံ၊ တက္ကသိုလ်နှင့်ကျောင်းရှိ စားသောက်ဆိုင်) at work.
- I generally get something from the supermarket, or get a **takeaway** (ဆိုင်မှ မှာယူပြီး အိမ် သို့မဟုတ် တခြားတစ်နေရာတွင် စားခြင်း).
- I take a **packed lunch** (ထမင်းချိုင့် ထည့်ခြင်း) to work.
- I eat **leftovers** (ထမင်းကျန်၊ ဟင်းကျန်) in the evening.

၁။ တစ်ရက်ကို ဘယ်နှကြိမ်၊ တစ်ပတ်ကို ဘယ်နှကြိမ်၊ တစ်လကို ဘယ်နှကြိမ်၊ တစ်နှစ်ကိုဘယ်နှကြိမ် စသည်ဖြင့် အကြိမ်အရေအတွက်ကို ဖော်ပြပြောဆိုလိုတဲ့အခါ once၊ twice၊ three times၊ four times စသည်ဖြင့် ကိုယ်ပြောချင်တဲ့အကြိမ်အရေအတွက်ကို ဝါကျရဲ့နောက်မှာထားပြီး ပြောဆိုရပါတယ်။ ဥပမာ–

- I cook **twice a week**.
- I play golf **once a month**.
- I go shopping **four times a month**.

၂။ ပစ္စည်းနှစ်ခု သို့မဟုတ် အကြောင်းအရာနှစ်ခု၊ ဖြစ်ရပ်နှစ်ခု၊ လူပုဂ္ဂိုလ်နှစ်ဦး ကိုနှိုင်းယှဉ်ဖော်ပြလိုတဲ့အခါ တစ်ခုက တစ်ခြားတစ်ခုထက် ပိုကောင်းတာ သို့မဟုတ် ပိုညံ့တာကို ပြောချင်တဲ့အခါမှာ D2 Adjective than ကိုသုံးပါတယ်။ ဥပမာ–

- Doing jigsaw puzzle is **more interesting than** reading books.
- Takeaway is **more expensive and less healthy than** cooking for myself.

၃။ တစ်ခုခုကို တခြားတစ်ခုခုထက် ပိုပြီးနှစ်သက်တယ်လို့ ပြောချင်ရင် I prefer နဲ့သုံးပါတယ်။ ဥပမာ–

- I **prefer** sorbet to ice–cream.
- I **prefer** walking to cycling.
- I **prefer** eating home–cooked.

Conversation

**Do you cook much?**

*Kate*: Do you cook much?

*Daniel*: Sometimes. I cook maybe *twice a week*, but I'm too busy to do more than that.

*Kate*: What do you do the rest of the time?

*Daniel*: For lunch, I eat in the **canteen** at work. In the evening, I generally get something from the supermarket, or get a **takeaway**. I don't like it, because I know it's *more expensive and less healthy than cooking for myself,* but I just don't have the time. What about you?

*Kate*: I make most of my meals. I take a **packed lunch** to work, and then eat **leftovers** in the evening.

*Daniel*: That's a good system! I wish I could be so organized ...

*Kate*: *I prefer eating home–cooked* and fresh food.

*Daniel*: Yeah, I'm the same way ... Maybe I'll start cooking more.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အီရန်သမ္မတက ပြင်သစ်သမ္မတထံ ဖုန်းခေါ်ဆိုပြီး ပိတ်ဆို့ထားမှုများ ဖယ်ရှားပေးရေး တိုက်တွန်း

**တီဟီရန် ဖေဖော်ဝါရီ ၂၀**

အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဆွေးနွေးပွဲပြုလုပ်စဉ်အတွင်း အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှု ဖယ်ရှားပေးရေးအပါအဝင် ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ သဘောတူညီမှု မရရှိခဲ့ကြောင်း အီရန်သမ္မတ အီဘရာ ဟင်ရိုင်စီက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။



အီရန်သမ္မတ အီဘရာဟင်ရိုင်စီနှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

အီရန်သမ္မတက ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ထံ ဖုန်းပြောဆို ဆွေးနွေးနေစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးညှိနှိုင်းစဉ်အတွင်း အီရန်နိုင်ငံသည် ခိုင်မာသည့် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သည်ဟု ပြောသည်။

အီရန်နိုင်ငံနှင့် ပြည်သူများအပေါ် နိုင်ငံရေးဖိအားများ ဆက်လက်ပေးပါက ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုကို ပျက်ပြားစေရန် လုပ်ဆောင်မှုပင်ဖြစ်သည်ဟု အီရန်သမ္မတက သတိပေးပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်ကလည်း ဗီယင်နာမြို့ ဆွေးနွေးပွဲတွင် ကောင်းမွန်သည့် တိုးတက်မှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း ဖြစ်နိုင်သမျှ စောစောနိဂုံးချုပ်နိုင်မည်ဟုလည်း မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ် ဧပြီလမှ စတင်ကာ ဗီယင်နာမြို့တွင် အီရန်နိုင်ငံနှင့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနိုင်ငံတို့ ရှစ်ကြိမ်တိုင်တိုင် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၄၈၂၉ ဦး တွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၄၈၂၉ ဦး တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောသည်။

နေ့စဉ် ကူးစက်မှု ၁၀၀၀၀၀ အထက်တွင် ရှိနေသည်မှာ သုံးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်ဟု ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီအေ) က ပြောသည်။ အိုမီခရွန်ကူးစက်မှုများကြောင့် ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်တွင် ကူးစက်မှုများ များပြားလာခဲ့သည်။



ဆိုးလ်မြို့၌ ကိုဗစ် - ၁၉ ဆေးစစ်မှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

နောက်ထပ် ကူးစက်ခံရသူများအနက် ၂၂၁၀၀ မှာ ဆိုးလ်မြို့ဒေသခံများဖြစ်သည်။ ၉၇ ဦးမှာ ပြည်ပမှကူးစက်လာသူများဖြစ်သည်။ ပြည်ပမှကူးစက်လာသူ စုစုပေါင်း ဦးရေမှာလည်း ၂၈၁၀၀ အထိ ရှိလာပြီဖြစ်သည်။ စိုးရိမ်ရသည့် အခြေအနေရှိသည့် လူနာဦးရေမှာ ၄၃၉ ဦးရှိသည်။

တောင်ကိုရီးယားနိုင်ငံ လူဦးရေ၏ ၈၇ ဒသမ ၃ ရာခိုင်နှုန်းမှာ အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးဖြစ်ကာ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသည့် အရေအတွက်မှာ ၈၆ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၅၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# တိုကျိုဆေးရုံ၌ ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများပြားလာမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ

**တိုကျို ဖေဖော်ဝါရီ ၂၀**

ကိုဗစ် – ၁၉ လူနာများကို ကုသနေရသည့် ဆေးရုံတွင် ယခုနှစ်အတွင်း ဆေးရုံတက်ရသည့် ကိုယ်ဝန်ဆောင်လူနာအရေအတွက် များပြားလာမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု သိရသည်။

တိုကျို၌ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၁၄၁ ဦးမှာ ဇန်နဝါရီလအတွင်း ကိုဗစ် – ၁၉ကူးစက်ခံရကာ ဆေးရုံတက်ရသည်ဟု ဂျပန်သားဖွားမီးယပ်အထူးကု ဆရာဝန်များအသင်းက ပြောသည်။ တိုကျိုမြို့ အိုတာရပ်ကွက်ရှိ ဆေးရုံတွင်လည်း ပြီးခဲ့သည့်နှစ်အတွင်း ကိုဗစ် – ၁၉ ကူစက်ခံရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၇ ဦးကို လက်ခံကုသပေးခဲ့ရပြီး ယခုနှစ်အတွင်းမှ ကိုယ်ဝန်ဆောင်အမျိုးသမီး ၃၆ ဦးကို ကုသပေးခဲ့ရကြောင်း သိရသည်။

အမျိုးသမီးအများစုမှာ ရောဂါလက္ခဏာမပြခြင်း သို့မဟုတ် အပျော့စားရောဂါလက္ခဏာများသာ ပြခြင်းတို့ရှိသည်ဟု သိရသည်။ ဆေးရုံတွင် ပြင်ပလူနာလက်ခံမှုကို ကန့်သတ်ထားပြီး အရေးမကြီးသည့် ခွဲစိတ်မှုများကိုလည်း ရွှေ့ဆိုင်းထားသည်ဟု သိရသည်။

အီဘာရာဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သူ အီကီဘာကူရိုရှင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ခြောက်ဦးကို ဆေးရုံမှ လက်ခံကုသပေးရန် ရှိသော်လည်း လုံခြုံစိတ်ချရရေးအတွက် သုံးဦးကိုသာ လက်ခံပေးနိုင်ခဲ့သည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

# စပိန်နိုင်ငံ မက်ဒရစ်မြို့ အပန်းဖြေဥယျာဉ်၌ ခေါင်မိုးပြိုကျမှုကြောင့် ၁၃ ဦး ဒဏ်ရာရ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၀**

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ Parque de Atracciones အပန်းဖြေစခန်း၌ ခန်းမတစ်ခု၏ ခေါင်းမိုးပြိုကျခဲ့ရာ လူ ၁၃ ဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ထဲမှ ရှစ်ဦးမှာ ဆေးရုံပေါ်တွင် ကုသမှုခံယူရန်လိုအပ်သည်ဟု သိရသည်။

ပန်းခြံအတွင်း ကဇာတ်ရုံ၌ သီးသန့်ပွဲကျင်းပနေစဉ် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စတုရန်းမီတာ ၂၀၀ ရှိ မျက်နှာကြက် ပြိုကျခဲ့ခြင်းဖြစ်သည်ဟု ဒေသခံ အရေးပေါ်ဝန်ဆောင်မှုမှ ပြောသည်။ ဒဏ်ရာရရှိသူများမှာ အသက် ၃၀ မှ ၅၀ ဝန်းကျင်များဖြစ်ပြီး ၎င်းတို့ထဲမှ ရှစ်ဦးမှာ အသေးစား ဒဏ်ရာများသာရရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မီးသတ်တပ်ဖွဲ့က အဆိုပါ ဧရိယာကို စစ်ဆေးမှုများ ပြုလုပ်နေပြီး ဒေသခံရဲများကလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကပ်ရောဂါကာလအတွင်း အမေရိကန်၌ သေဆုံးသူဦးရေ တစ်သန်းကျော်ရှိလာ

**နယူးယောက် ဖေဖော်ဝါရီ ၂၀**

ကိုဗစ် –၁၉ ကပ်ရောဂါကာလအတွင်း အမေရိကန်ပြည်ထောင်စု၌ သေဆုံးသူဦးရေမှာ တစ်သန်းကျော် ရှိလာပြီဖြစ်ကြောင်း သည်ဂါဒီးယန်းတွင် ဖော်ပြထားသည်။

သေဆုံးသူအများစုမှာ ကိုဗစ် –၁၉ ကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး အချို့မှာ ဆေးဘက်ဆိုင်ရာ ဂရုစိုက်မှုနည်းပါးမှု၊ ကျန်းမာရေးစနစ်တွင် ဝန်ပိမှုတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အမေရိကန်တွင် လူပေါင်း ၉၂၃၀၀၀ မှာ ကိုဗစ်–၁၉ ကြောင့် သေဆုံးသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာကပြောသည်။ အခြားသောသေဆုံးမှုများတွင် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် အယ်ဇိုင်းမားရောဂါတို့ကြောင့် သေဆုံးရခြင်းဖြစ်သည်။

အမေရိကန်အများစုမှာ ကိုဗစ် – ၁၉ ကူးစက်ခံရစဉ်အတွင်း စောင့်ရှောက်မှုခံယူရန် အချိန်နှောင့်နှေးခြင်းနှင့် ကိုဗစ် – ၁၉ ကြောင့် တိုင်းပြည်၏ ကျန်းမာရေးစနစ် ဝန်ပိမှုကြောင့် ပြုစုစောင့်ရှောက်ခံရမှုနည်းပါးခြင်းတို့ကို တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ဆေးအလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးမှုများလည်းရှိရာ ကပ်ရောဂါဖြစ်ပွားသည့် ပထမနှစ်အတွင်း မူးယစ်ဆေးကြောင့် သေဆုံးရသူ ၁၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




နယူးယောက်၌ သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေး တန်းတူညီမျှရရှိစေရေးအတွက် ဥရောပနှင့် အာဖရိကတို့ လုပ်ဆောင်သွားမည်

**နှင်းမိုးအိမ်**

ကိုဗစ် -၁၉ ကာကွယ်ဆေးကို တစ်ကမ္ဘာလုံးအနှံ့ ညီညီမျှမျှရရှိရေး အရေးကြီးနေသည့်အချိန်တွင် ဥရောပသမဂ္ဂ(အီးယူ)နှင့် အာဖရိကသမဂ္ဂ(အေယူ) တို့သည် ယခုနှစ် နွေရာသီအတွင်း ကာကွယ်ဆေး တန်းတူရရှိရေးအတွက် အတူတကွ လုပ်ဆောင်သွားမည်ဟု ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်။

### နည်းလမ်းအမျိုးမျိုးရှိ

တူညီသည့် ရည်မှန်းချက်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်းရောက်ရှိအောင် ဆောင်ရွက်ရန်မှာ နည်းလမ်းအမျိုးမျိုးရှိကြောင်း ၎င်းက ဆက်ပြောသည်။ မတူညီသည့် နည်းလမ်းများကို ပေါင်းကူးရန် လိုအပ်ကြောင်း (၆) ကြိမ်မြောက် အီးယူ-အေယူ ထိပ်သီးအစည်းအဝေးတွင် ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။

လာမည့်နွေဦးရာသီတွင် ကာကွယ်ဆေး တန်းတူရရှိရေးအတွက် ဘရပ်ဆဲလ်မြို့တွင် နှစ်ဖက်လုံးက ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အာဖရိကတိုက်နှင့် ဥရောပတိုက်မှ ခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထိပ်သီးအစည်းအဝေး ပြုလုပ်ခဲ့ကြသည်။

### နည်းပညာများရရှိမည်

ယင်းနေ့မတိုင်မီကလည်း အာဖရိက ခြောက်နိုင်ငံသည် mRNA ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများ ရရှိမည်ဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။

ဝင်ငွေနိမ့်သည့်နိုင်ငံများနှင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများ၌ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကိုဗစ် -၁၉ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် အီဂျစ်၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါလ်၊ တောင်အာဖရိကနှင့် တူနီးရှားနိုင်ငံတို့သည် ယခုအစီအစဉ်၏အစိတ်အပိုင်းများ ဖြစ်လာမည်ဖြစ်သည်။

အာဖရိကတိုက်ပြင်ပတွင် ထုတ်လုပ်သည့် ကာကွယ်ဆေးများအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရေးအတွက် ယခုလို စီစဉ်ခဲ့ရခြင်းဖြစ်သည်။

### ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုအပ်

ကပ်ရောဂါမှ ရရှိလာသည့် အထင်ရှားဆုံး သင်ခန်းစာမှာ ကာကွယ်ဆေးကိုပြည်တွင်း၌ပင် တိုး၍ထုတ်လုပ်နိုင်ရန် လိုအပ်နေခြင်းဖြစ်သည်။

အထူးသဖြင့် ဝင်ငွေနိမ့်သော နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် ပြည်တွင်း၌ပင် ကာကွယ်ဆေးထုတ်လုပ်ရန် လိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆုက ဘရပ်ဆဲလ်တွင်ပြုလုပ်သည့် အစည်းအဝေးပွဲတွင် ပြောသည်။

### လိုအပ်သည့်အရာဖြစ်

တောင်အာဖရိကသမ္မတ စီရယ်ရမ်မာဖိုဆာက အသိဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသည့်အရာ မူပိုင်ခွင့်သည် ၎င်းတို့ တိုင်းပြည်အတွက် အဟန့်အတားဖြစ်နေပြီး အဆိုပါမူပိုင်ခွင့် ကင်းလွတ်စေခြင်းမှာ ကာကွယ်ဆေးအမြောက်အမြား ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်အရာဖြစ်သည်ဟု ပြောသည်။

### အသုံးပြုသွားမည်

အာဖရိကတိုက်အတွက် လိုအပ်သည့် စီမံကိန်းများလုပ်ဆောင်နိုင်ရန် ယူရို ၁၅၀ ဘီလီယံ တန်ဖိုးရှိသည့် စီမံကိန်းများကို ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ကြေညာခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဥရောပသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေထဲမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး၊ ဒစ်ဂျစ်တယ်ဆက်သွယ်မှုနှင့် ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့တွင် အသုံးပြုသွားမည်ဖြစ်သည်။

### ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရေး အသုံးပြုသွားမည်

ဥရောပသမဂ္ဂနှင့် အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် လုံခြုံရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကိုလည်း ဆွေးနွေးသွားခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ထောက်ပံ့ခြင်းဆိုသည်မှာ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်း သို့မဟုတ် လက်နက်များဝယ်ယူရန် ထောက်ပံ့ပေးခြင်းတို့ မဟုတ်ဘဲ အုပ်ချုပ်မှုခိုင်မာခြင်း၊ တရားမျှတခြင်းနှင့် ဘဏ္ဍာငွေတောင့်တင်းခိုင်မာခြင်းတို့ ဖြစ်သည်ဟု အာဖရိကသမဂ္ဂကော်မရှင်မှ ဥက္ကဋ္ဌဖြစ်သူ မူဆာဖာကီ မာဟာမတ်က ပြောသည်။

ယူရို ၁၅၀ ဘီလီယံ တန်ဖိုးရှိသည့် အာဖရိကအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေးအတွက်လည်း အသုံးပြုသွားမည်ဖြစ်သည်။

### ရှေ့ဆက်လုပ်ဆောင်လျက်ရှိ

ယခုအစီအစဉ်မှာ ဥရောပသမဂ္ဂ၏ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး ယခင်နှစ်ကတည်းက ယင်းအစီအစဉ်ကို ကြေညာခဲ့ခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့မှ အရာရှိများသည် အာဖရိကတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ဆွေးနွေးမှုများတွင် မူပိုင်ခွင့် အကာအကွယ်ပေးမှုကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

ဥရောပသမဂ္ဂသည် အာဖရိက၏ ပထမဦးဆုံး ဦးစားပေး မိတ်ဖက်အဖွဲ့အစည်းဖြစ်လိုပြီး ဥရောပသမဂ္ဂသည်လည်း ရှေ့ဆက်လုပ်ဆောင်လျက်ရှိသည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောသည်။

### အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး နိုင်ငံများ

ဖေဖော်ဝါရီ ၁၇ ရက်တွင် အာဖရိက၌ ကိုဗစ်-၁၉ ကူးစက်မှုပေါင်း ၁၁၀၆၄၈၉၈ ဦး ရှိလာသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၂၄၅၂၃၇ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူဦးရေမှာ ၁၀၂၀၅၈၉၄ ရှိသည်ဟု အာဖရိကသမဂ္ဂ ကျန်းမာရေးအထူးအေဂျင်စီက ပြောသည်။ အာဖရိကတိုက်တွင် ရောဂါကူးစက်မှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်သည်။

### ကူးစက်မှုအများဆုံးဒေသဖြစ်

တောင်အာဖရိကနိုင်ငံမှာ ကူးစက်မှုပေါင်း ၁၁၅၆၃၅၆ ဦးနှင့် အာဖရိကတိုက်တွင် ကူးစက်မှုအများဆုံးနိုင်ငံဖြစ်သည်။

ကူးစက်မှုအရေအတွက်များအရ အာဖရိကတောင်ပိုင်းမှာ ကူးစက်မှုအများဆုံးဒေသ ဖြစ်နေပြီး ယင်းနောက်တွင် တိုင်းပြည်၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများမှာ ကူးစက်မှုအများဆုံးဖြစ်သည်ဟု သိရသည်။

ကိုးကား - ဆင်ဟွာ ၊ အင်န်အိတ်ချ်ကေ

**အာဖရိက ခြောက်နိုင်ငံသည် mRNA ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများ ရရှိမည်ဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။ ဝင်ငွေနိမ့်သည့်နိုင်ငံများနှင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများ၌ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကိုဗစ် -၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် အီဂျစ်၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါလ်၊ တောင်အာဖရိကနှင့် တူနီးရှားနိုင်ငံတို့သည် ယခုအစီအစဉ်၏အစိတ်အပိုင်းများ ဖြစ်လာမည်ဖြစ်သည်။ အာဖရိကတိုက်ပြင်ပတွင် ထုတ်လုပ်သည့် ကာကွယ်ဆေးများအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရေးအတွက် ယခုလို စီစဉ်ခဲ့ရခြင်းဖြစ်သည်**

# ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃,၃၀၃ တွေ့ရှိ

## ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၃၁ ဦးရှိ

(၂၀-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၇,၄၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၃၀၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၈၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၀၇,၅၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၆၅,၆၆၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၃,၆၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၃၁) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၂-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၃,၃၃၄,၇၉၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၀,၆၁၆,၄၉၉) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၇၁၈,၂၉၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၉-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၃,၉၅၁,၂၉၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၈) ခု | (၁၀၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၄) ခု | (၃၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၀) ခု | (၃၁) ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၂၉၀) ခု | (၉၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၀၁) ခု | (၂၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၂၉) ခု | (၃၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂,၄၃၄) ခု | (၂,၃၉၅) ဦး |
| စုစုပေါင်း | (၃၇,၄၃၆) ခု | (၃,၃၀၃) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၉-၂-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၇၁၈,၂၉၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၀,၆၁၆,၄၉၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၂၃,၃၃၄,၇၉၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၄၃,၉၅၁,၂၉၆) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယ ရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## ၂၀ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၀၇၂၅၆၁ | ၅၁၅၄၄၈၅၁ | ၉၅၉၁၃၀ |
| ၂။ | အိန္ဒိယ | ၄၂၈၂၂၄၇၃ | ၄၂၀၈၆၃၈၃ | ၅၁၁၉၃၅ |
| ၃။ | ဘရာဇီး | ၂၈၁၆၇၅၈၇ | ၂၄၉၄၉၇၈၂ | ၆၄၃၉၃၈ |
| ၄။ | ပြင်သစ် | ၂၂၂၇၈၂၆ | ၁၈၉၂၁၄၇၉ | ၁၃၆၅၉၄ |
| ၅။ | ဗြိတိန် | ၁၈၅၈၀၂၁၆ | ၁၆၆၁၁၉၉၅ | ၁၆၀၅၀၇ |
| ၆။ | ရုရှား | ၁၅၃၇၀၄၁၉ | ၁၂၃၆၅၂၃၈ | ၃၄၅၅၀၀ |
| ၇။ | ဂျာမနီ | ၁၃၄၉၆၃၀၀ | ၉၆၇၃၇၀၀ | ၁၂၁၈၂၆ |
| ၈။ | တူရကီ | ၁၃၄၃၄၁၃၀ | ၁၂၅၇၀၁၃၄ | ၉၂၁၈၈ |
| ၉။ | အီတလီ | ၁၂၄၂၇၇၇၃ | ၁၀၉၀၅၁၄၇ | ၁၅၂၈၄၈ |
| ၁၀။ | စပိန် | ၁၀၈၀၉၂၂၂ | ၈၃၂၆၇၉၃ | ၉၇၉၉၈ |

## ၂၀-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၁၉၇၅၀၅ | ၄၅၁၄၇၈၂ | ၁၄၆၃၆၅ |
| ဖိလစ်ပိုင် | ၃၆၅၂၂၀၃ | ၃၅၃၅၉၈၇ | ၅၅၆၈၄ |
| မလေးရှား | ၃၁၉၄၈၄၈ | ၂၉၁၉၁၉၆ | ၃၂၃၁၀ |
| ဗီယက်နမ် | ၂၇၈၇၄၉၃ | ၂၂၈၁၄၃၄ | ၃၉၅၀၁ |
| ထိုင်း | ၂၇၁၂၃၁၅ | ၂၅၂၇၂၃၁ | ၂၂၆၂၇ |
| စင်ကာပူ | ၅၆၇၃၅၅ | ၅၀၄၅၁၆ | ၉၄၁ |
| မြန်မာ | ၅၆၅၆၆၇ | ၅၂၃၆၃၀ | ၁၉၃၃၁ |
| လာအို | ၁၄၁၀၃၈ | ၁၃၇၆၀၈ | ၆၁၀ |
| ကမ္ဘောဒီးယား | ၁၂၆၄၈၉ | ၁၂၀၄၆၂ | ၃၀၁၇ |
| ဘရူနိုင်း | ၃၄၉၇၉ | ၁၉၄၀၄ | ၁၀၉ |

# ငြိမ်းချမ်းရေး ရှာနိုင်ပါသည်

မျိုးငြိမ်းငယ်

### အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ အရေးကြီးသောလုပ်ငန်းစဉ်များစွာအနက်မှ တစ်ခုကို ထုတ်နုတ်ပြပါဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ညွှန်ပြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် အခြားသောနိုင်ငံရေး၊ စီးပွားရေးတို့ကဲ့သို့သော အရေးကြီးကဏ္ဍများနှင့် ဆက်စပ်နေရာ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ မြန်မာနိုင်ငံအတွက် အဓိကလုပ်ငန်းစဉ်အဖြစ် တွေ့ရပါသည်။ ငြိမ်းချမ်းရေးဟုဆိုသော်လည်း ပဋိပက္ခများ လျှော့ချရေး၊ ချုပ်ငြိမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ရည်မှန်းချက်များသာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပါ ပူးတွဲလျက်ရှိသည်ကို တွေ့ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အများစုသည် သီးခြားဆောင်ရွက်နိုင်သည့် ကိစ္စရပ်တစ်ခုအဖြစ် မတည်ရှိတတ်ဘဲ အခြားသောနိုင်ငံတည်ဆောက်ရေးဆိုင်ရာကိစ္စများနှင့် လက်ယှက်ထိုး ဆက်စပ်နေတတ်ကြပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် လုပ်ငန်းနှင့်အတူ နိုင်ငံရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဆုံး အားလုံးအကျုံးဝင်နေသဖြင့် အရေးပါသည့်လုပ်ငန်းစဉ်ဟု ဆိုရခြင်းဖြစ်ပါသည်။

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရုပ်ပိုင်းဆိုင်ရာကိုင်တွယ်ဖြေရှင်းရသည့် လုပ်ငန်းသဘောမျိုးမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ၊ အရည်အသွေးပိုင်းဆိုင်ရာတို့နှင့်ပါ ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရပါသည်။ သို့ဖြစ်သည့်အတွက် ခက်ခဲရှုပ်ထွေးသည့် အခြေခံလုပ်ငန်းစဉ်တစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။

### လူသားနှင့် ငြိမ်းချမ်းမှု

လူတို့၏ သဘောသဘာဝတွင် ငြိမ်းချမ်းမှုကို လိုလားသည့် စိတ်ဆန္ဒရှိကြပါသည်။ သို့အတွက်လည်း စိတ်၏ငြိမ်းအေးရာကို ရှာဖွေတတ်ကြသည်။ ကျင့်ကြံတည်ဆောက်တတ်ကြပါသည်။ စိတ်ငြိမ်းချမ်းမှ ရုပ်လည်းငြိမ်းချမ်းမည့်သဘော ဖြစ်ပါသည်။ စိတ်ပူလောင်နေသမျှ သောကများဖြင့် ရုပ်ခန္ဓာလည်း ပူလောင်နေပါလိမ့်မည်။ အပူသောကများဆိုသည်ကလည်း လူတိုင်းလိုလို၌ ရှိတတ်ကြစမြဲဖြစ်သည်။ ထိုသောကအပူ၊ လောကအပူများကို မည်သူကများ တရှိုက်မက်မက် ဖက်တွယ်မက်မောကြမည်နည်း။ ထိုသောကအပူများကင်းရာ လောကချမ်းသာ၊ လောက၏အေးငြိမ်းရာကို ရှာဖွေကြပါ၏။

လူသားတစ်ယောက်အတွက် ငြိမ်းချမ်းမှုဆိုသည်က သူ့ဘဝသက်တမ်းတစ်ခုစာအတွက်သာဖြစ်သည်။ လူ့သက်တမ်းဆိုသည်က မည်မျှကြာမည်နည်း။ သံသရာမဆိုထားဘိ ကမ္ဘာ့သက်တမ်းနှင့် ယှဉ်လျှင်ပင် မျက်စိတစ်မှိတ်၊ လက်တစ်ဖျစ်အချိန်မျှသာရှိပါသည်။ ကမ္ဘာပေါ်ရှိ လူ့သက်တမ်းနှင့် သတ္တဝါအချို့၏သက်တမ်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ဂင်းနစ်မှတ်တမ်းမဝင်သော်လည်း ကမ္ဘာတွင် အသက်ရှည်ဆုံးလူသားဖြစ်သည့် တရုတ်နိုင်ငံမှ li chin yuen မှာ အသက် ၁၉၇ နှစ် (၂၅၆ နှစ်ဟုလည်းဆိုပါသည်) ထိ အသက်ရှည်ခဲ့သည်။ ဂင်းနစ်မှတ်တမ်းများအရဆိုလျှင် ယနေ့အချိန်ထိ ကမ္ဘာတွင် အသက်ရှည်ဆုံးလူသားမှာ ၁၉၉၇ ခုနှစ်က အသက် ၁၂၂ အရွယ်တွင် သေဆုံးသွားခဲ့သော ပြင်သစ်နိုင်ငံမှ ဂျင်းနီလူးဝှစ်ကလဲမင့်ဖြစ်ပါသည်။ လူသားမဟုတ်သည့် သတ္တဝါများထဲတွင် Jellyfish (ဂျယ်လီငါး) ကို ဇီဝဗေဒအရ မသေနိုင်သောသတ္တဝါအဖြစ် သတ်မှတ်ထားပါသည်။ Ocean Quahogs ၏ သက်တမ်းမှာ နှစ်ပေါင်း ၅၀၀ ကျော်အထိ ရှင်သန်နိုင်ပြီး ဂရင်းလန်ငါးမန်းများသည် အသက် ၃၀၀ မှ ၅၀၀ အထိ ရှင်သန်နိုင်သော ကျောရိုးရှိသတ္တဝါအဖြစ် တွေ့ရပါသည်။ ယင်းသတ္တဝါများနှင့်စာလျှင်ပင် လူသားသက်တမ်းမှာ တိုတောင်းလှပါသည်။

လူတစ်ဦး၏ တစ်ဘဝစာငြိမ်းချမ်းရေးသည် တိုတောင်းသော်လည်း လူမှုအဖွဲ့အစည်းတစ်ခု၏ ငြိမ်းချမ်းရေး၊ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးဆိုသည်က စဉ်ဆက်မပြတ်သောမျိုးဆက်များဖြင့် စဉ်ဆက်မပြတ်တည်ဆောက်နေကြရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါသည်။

### လူ့အဖွဲ့အစည်းငြိမ်းချမ်းရေး

သို့အတွက်လည်း လူသားသမိုင်းတစ်လျှောက် မိမိတို့၏ဘဝငြိမ်းချမ်းမှုကို တစိုက်မတ်မတ် ရှာဖွေခဲ့ကြသည်။ ယနေ့ထက်တိုင်လည်း ရှာဖွေနေဆဲဖြစ်သည်။ တစ်ဦးချင်း၏ငြိမ်းချမ်းမှုမှသည် လူ့အဖွဲ့အစည်းနှင့် စုစည်းနေထိုင်လာကြသည့်အခါ တစ်ဦးတစ်ယောက်ချင်း ငြိမ်းချမ်းခြင်းသာမက သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးသည်လည်း အဓိကလိုအပ်ချက်ဖြစ်လာပါသည်။

လူ့အဖွဲ့အစည်းများဆိုသည်က လူသားများရှိနေသရွေ့ရှိနေပါဦးမည်။ လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးသည်ပင်လျှင် များစွာအရေးကြီးနေပါက လူများစုစည်းနေထိုင်ကြသော လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးမှာ ထိုထက်ပို၍ အရေးကြီးမည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုလည်း ယင်းအဖွဲ့အစည်းအတွင်း စုပေါင်းနေထိုင်ကြသော လူတစ်ဦးချင်းစီ၏ဘဝများမှာ လုံခြုံအေးချမ်းစွာဖြင့် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတွင်၌သာ လုံခြုံမှု၊ အေးချမ်းမှု၊ တည်ငြိမ်မှု၊ သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

### ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေး

လူသားနှင့်ပဋိပက္ခဆိုသည်မှာ ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းပမာဖြစ်ပါသည်။ လူသားနှင့် ပဋိပက္ခဆိုသည်မှာ ခွဲခြားရန်ခက်ခဲပါသည်။ အမေရိကန်သမ္မတဟောင်း ရော်နယ်ရီဂင် ပြောကြားခဲ့သည့် ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခများမရှိခြင်းဟု မဆိုလို၊ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကိုယ်တွယ်ဖြေရှင်းနိုင်စွမ်းဖြစ်သည် ဆိုသည့်စကားတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအကြား ဟန်ချက်မျှစေသည့် နည်းလမ်းတစ်ရပ်ကို ဖော်ပြနေပါသည်။

ယင်းစကားနှင့်အတူ မဟတ္တမဂန္ဒီ ပြောကြားခဲ့သည့် "ကိုယ့်မျက်လုံးတစ်လုံး ဖျက်ဆီးခံရလို့ သူ့ရဲ့မျက်လုံးတစ်လုံး ပြန်ဖျက်ဆီးကြမယ်ဆိုရင် ကမ္ဘာကြီးကို မျက်စိကန်းစေရုံသာဖြစ်မှာပေါ့ (An eye for an eye only ends up making the whole world blind.)" ဆိုသည့်စကားသည် ရော်နယ်ရီဂင်၏စကားကဲ့သို့ပင် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ရှောင်ကြဉ်သင့်သည့်အချက်ကို ဆင်ခြင်နိုင်ပါသည်။ ငြိမ်းချမ်းရေးသည် ကမ္ဘာကြီးအား မျက်စိကန်းစေရန်မဟုတ် မျက်စိပိုမိုပွင့်လင်းလာစေရန်ဖြစ်ပါသည်။

သို့ဖြစ်ရာ လူသားတို့နှင့် အတူယှဉ်တွဲကာ တည်ရှိနေမည့် ပဋိပက္ခများကို မှန်မှန်ကန်ကန် ရှုမြင်ချဉ်းကပ်၍ ကိုင်တွယ်ဖြေရှင်းမှသာ ရည်မှန်းသော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

> **○ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ကျယ်ပြန့်လှသည့် လုပ်ငန်းစဉ်ဖြစ်ရာ စိတ်ရှည်သည်းခံမှု၊ အစဉ်တစိုက်လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ဖြေရှင်းသည့်နည်းလမ်း၊ စိတ်သဘောထားကဲ့သို့သော စွမ်းဆောင်ရည်များ လိုအပ်လာပါသည်။ ထိုလိုအပ်ချက်များသည် မိမိတို့နိုင်ငံတစ်နိုင်ငံတည်းတွင်သာ လိုအပ်နေသည့် စွမ်းဆောင်ရည်များမဟုတ်ဘဲ အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အလားတူကြုံတွေ့ကြရသည့် လိုအပ်ချက်များဖြစ်ပါသည်။ ထိုစွမ်းဆောင်ရည်များ ဖြည့်ဆည်းနိုင်သည်နှင့်အမျှ လုပ်ငန်းစဉ်ချောမွေ့မှု၊ ရေရှည်တည်တံ့မှု၊ နိုင်ငံသားများ၏ လိုလားချက်များ ဖြည့်ဆည်းနိုင်မှုကဲ့သို့သော ရည်မှန်းချက်များ ပြည့်ဝလာမည်**

### ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ပဋိပက္ခများကို အကြမ်းမဖက်သော နည်းလမ်းများဖြင့် ဖြေရှင်းရန်နှင့် သေကျေပျက်စီးမှုများ သို့မဟုတ် အပျက်သဘော ပဋိပက္ခများကိုဖြစ်စေသည့် ယဉ်ကျေးမှုနှင့် အမူအကျင့်အခြေအနေများကို ပြောင်းလဲရန် ရည်ရွယ်သောလုပ်ငန်းစဉ်ဟုဆိုပါသည်။ ယင်းလုပ်ငန်းစဉ်တွင် အကြမ်းဖက်မှုကာကွယ်တားဆီးရေး၊ ပဋိပက္ခစီမံခန့်ခွဲမှု၊ သဘောတူညီချက် သို့မဟုတ် ပြောင်းလဲခြင်းတို့အပြင် အကြမ်းဖက်မှုများဖြစ်ပွားပြီး ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ကုစားရမည့် ပြင်းထန်သောတုန်လှုပ်ခံစားမှု သို့မဟုတ် ပဋိပက္ခလွန် ရင်ကြားစေ့ရေးတို့ပါဝင်ပါသည်။

အသွင်ကူးပြောင်းသည့်နိုင်ငံများတွင် တွေ့ရသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သက်ဆိုင်ရာနိုင်ငံ၏အခြေအနေအလိုက် ကွဲပြားခြားနားမှုများ ရှိကြပါသည်။ မိမိတို့နိုင်ငံ၏ အခြေအနေအလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်များ၏ အတိမ်အနက်သည်လည်း ကွာခြားကြပါသည်။ နိုင်ငံ၏ တည်ရှိဆဲ ပဋိပက္ခအတိမ်အနက်၊ ကြာရှည်မှု၊ အရင်းခံအကြောင်းတရားများ၊ ပါဝင်ပတ်သက်နေသူများ၊ လိုလားချက်များ စသဖြင့်ဆက်စပ်ထည့်သွင်းစဉ်းစားရမည့် အပိုင်းကဏ္ဍများအလိုက် မတူညီကြသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုသည် ပဋိပက္ခ၏အတိမ်အနက်အလိုက် လုပ်ငန်းစဉ်မှာလည်း ကျယ်ပြန့်နက်နဲတတ်ကြပါသည်။

၂၀၀၇ ခုနှစ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မူဝါဒကော်မတီက ငြိမ်းချမ်းရေးတည်ဆောက်မှုအား **"ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပဋိပက္ခစီမံခန့်ခွဲမှုဆိုင်ရာ အဆင့်တိုင်းရှိ အမျိုးသားအဆင့် စွမ်းဆောင်ရည်များမြှင့်တင်ခြင်းဖြင့် ပဋိပက္ခများ ချုပ်ငြိမ်းသွားစေရန် သို့မဟုတ် ပဋိပက္ခအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်ခြေကို လျှော့ချရန်နှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအုတ်မြစ်များ ချမှတ်ရန်တို့အတွက် ရည်မှန်းထားသောအစီအမံများစွာ ပါဝင်ပါကြောင်း"** ဖော်ပြထားပါသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ကျယ်ပြန့်လှသည့်လုပ်ငန်းစဉ်ဖြစ်ရာ စိတ်ရှည်သည်းခံမှု၊ အစဉ်တစိုက်လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ဖြေရှင်းသည့်နည်းလမ်း၊ စိတ်သဘောထားကဲ့သို့သော စွမ်းဆောင်ရည်များ လိုအပ်လာပါသည်။ ထိုလိုအပ်ချက်များသည် မိမိတို့နိုင်ငံတစ်နိုင်ငံတည်းတွင်သာ လိုအပ်နေသည့် စွမ်းဆောင်ရည်များမဟုတ်ဘဲ အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အလားတူကြုံတွေ့ကြရသည့် လိုအပ်ချက်များဖြစ်ပါသည်။ ထိုစွမ်းဆောင်ရည်များ ဖြည့်ဆည်းနိုင်သည်နှင့်အမျှ လုပ်ငန်းစဉ်ချောမွေ့မှု၊ ရေရှည်တည်တံ့မှု၊ နိုင်ငံသားများ၏လိုလားချက်များ ဖြည့်ဆည်းနိုင်မှုကဲ့သို့သော ရည်မှန်းချက်များ ပြည့်ဝလာမည်ဖြစ်ပါသည်။

ထို့ပြင် ဗျူဟာမြောက်ငြိမ်းချမ်းရေး တည်ဆောက်မှုသည် ရေတိုလုပ်ဆောင်ရသည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မျိုးဆက်များ စဉ်ဆက်လုပ်ဆောင်ကြရပါသည်။ သို့မှသာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတည်ဆောက်မှုနှင့် ငြိမ်းချမ်းရေး

နိုင်ငံတစ်နိုင်ငံတည်ဆောက်ရန် သို့မဟုတ် ပြန်လည်ထူထောင်ရန်အတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အခြေခံလိုအပ်ချက်များစွာရှိသည့်အနက် ငြိမ်းချမ်းရေးမှာလည်း မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများတွင်သာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နိုင်ငံတည်ဆောက်ရေးဆိုင်ရာ ကဏ္ဍများကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးသည် မတူကွဲပြားသော်လည်း ယင်းလုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိကြပြီး တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု လုပ်ငန်း လက်ယှက်ထိုးဖြစ်နေတတ်ကြပါသည်။ ထိုလုပ်ငန်းစဉ်များသည် နိုင်ငံ၏စွမ်းဆောင်ရည်မြှင့်တင်မှု၊ တရားဝင်မှု၊ တာဝန်ခံမှုနှင့် တုံ့ပြန်နိုင်စွမ်းများကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေပါသည်။ ထိုလုပ်ငန်းစဉ်များ၏ အပြန်အလှန်ဆက်စပ်နေမှုနှင့် မတူညီသောလုပ်ငန်းစဉ်များသည် ပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတိုးတက်စေရန်အတွက်လည်းကောင်း မရှိမဖြစ်လိုအပ်ကြပါသည်။

*စာမျက်နှာ ၁၇ သို့*

# ဘားအံမြို့နယ်တွင် ကိုဗစ်ကုသရေးစင်တာ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

**ဘားအံ ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါသည် မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန်မျိုးကွဲ တစ်ခုအနေဖြင့် ပြန်လည်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဘားအံမြို့နယ် ခုတင် (၅၀) ဘားအံတိုင်းရင်းဆေးရုံတွင် မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ကုသပေးနိုင်ရန်အတွက် ကုသရေးစင်တာ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။ ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအနေဖြင့် လာရောက်ကုသမှုခံယူရာတွင် နေရာထိုင်ခင်း အဆင်ပြေစေရေး၊ အောက်ဆီဂျင် အလုံအလောက်ရရှိပြီး အလွယ်တကူအသုံးပြုနိုင်ရေး၊ ကုသရေး သုံးပစ္စည်းများ လုံလောက်စွာ ထားရှိနိုင်ရေး၊ လေကောင်းလေသန့်ရရှိစေရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ အထူးကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်နှင့် မီးဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို အဓိကထားစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ပြည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ မျိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်

**ပြည် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ မျိုးဗီဇပြောင်း အိုမီခရွန်ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဌာနဆိုင်ရာများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် မြို့နယ်အဆင့်ဌာနပေါင်းစုံမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက အဖွဲ့ ၁၁ ဖွဲ့ခွဲ၍ မြို့ပေါ်ရပ်ကွက်ကြီး ၁၀ ခုနှင့် ပေါင်းတလည်မြို့တို့ရှိ စည်ပင်သာယာဈေးများနှင့် ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်နှင့်စားသောက်ဆိုင်များ အပါအဝင် လူစည်ကားရာနေရာများနှင့် လမ်းမများ၌ ပြင်ပထွက်ခွာသွားလာသူတိုင်း ပါးစပ်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြုမူနေထိုင်သွားလာရေး၊ ပါးစပ်နှာခေါင်းစည်း မတပ်ဆင်သူများအား ဒဏ်ကြေးငွေကျပ် ၅၀၀ ဖြင့် ပါးစပ်နှာခေါင်းစည်း သုံးခုပေး၍ အပြင်ထွက်တိုင်း တပ်ဆင်ရန်မမေ့စေရေး စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ အရှိန်အဟုန်မြှင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ စစ်ဆေးတွေ့ရှိနေပြီး ဖေဖော်ဝါရီ ၁၉ ရက်က ကိုဗစ်-၁၉ရောဂါ စစ်ဆေးသူ စုစုပေါင်း ၂၇၁ ဦးအနက် ရောဂါပိုး စစ်ဆေးတွေ့ရှိအတည်ပြုလူနာ ၁၈ ဦး တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းတို့ကို ပြည်မြို့ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီးနှင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံအသီးသီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မတ္တရာမြို့နယ် ငါးမွေးတောင်သူများကို ကွင်းဆင်းဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် ဖေဖော်ဝါရီ ၂၀ ရက်က မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးနှင့်အတူ မတ္တရာမြို့နယ်အတွင်းရှိ ငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ငါးမွေးတောင်သူများနှင့် တွေ့ဆုံ၍ ငါးမွေးမြူထားရှိမှု အခြေအနေနှင့် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်ဖြင့် ငါးမွေးမြူနိုင်ရေး အသိပညာပေးခြင်း၊ လက်ကမ်းစာများ ဖြန့်ဝေခြင်းနှင့် ငါးမွေးတောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




*စာမျက်နှာ ၁၆ မှ*

ထို့ပြင် နိုင်ငံ၏အနာဂတ် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် နိုင်ငံနှင့် လူမှုအဖွဲ့အစည်းများအကြား ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်နေသည်ဖြစ်ရာ အသွင်ကူးပြောင်းဆဲ နိုင်ငံတစ်နိုင်ငံအတွက် လုံခြုံရေး၊ တည်ငြိမ်ရေး၊ နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် လုပ်ငန်းစဉ်များဖြစ်ကြပါသည်။

**အားလုံးပါဝင်မှု**

နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားနှင့် ဆက်စပ်နေပါသည်။ လတ်တလောအကျပ်အတည်းများ လျှော့ချရေး၊ ဖြေရှင်းရေးအတွက်သာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းမှုရှိစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ရာ အားလုံး၏ပူးပေါင်းလုပ်ဆောင်မှုလိုအပ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အိုင်းစတိုင်း၏စကားမှာ မှတ်သားဖွယ်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် အင်အားသုံး၍ မထိန်းသိမ်းနိုင်၊ နားလည်မှုဖြင့်သာ အောင်မြင်နိုင်သည်ဟု ဆိုပါသည်။ သက်ဆိုင်သူအားလုံး၏ အပြုသဘောလုပ်ဆောင်မှုများဖြင့်သာ ထိရောက်သော ငြိမ်းချမ်းရေးအကျိုးရလဒ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် လူသားတို့၏ဘဝအစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ လူတိုင်းမက်မောတမ်းတသော အရာတစ်ခုလည်း ဖြစ်ပါသည်။ မိမိတို့လိုလားသကဲ့သို့ အခြားသူများလည်း လိုလားကြမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး ငြိမ်းချမ်း၍ အေးချမ်းတည်ငြိမ်သော အသိုက်အဝန်းတစ်ခု တည်ဆောက်ရန်ဆိုပါက တစ်ဦးချင်းစီ၏အရေးပါမှုကို သတိပြုကြရပါမည်။ ယင်းနှင့်ပတ်သက်၍ တရုတ်-အမေရိကန် စာရေးဆရာ Deng Ming Dao က လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးသည် သေးငယ်၏။ စုစည်းနေထိုင်ကြသော လူများစွာ၏ငြိမ်းချမ်းရေးသည် ကြီးမား၏။

မိမိကိုယ်မိမိ လူ့အဖွဲ့အစည်းနှင့် သဘာဝတရားကြီးမှ ခွဲထွက်လိုက်သည်ဟု မြင်ကြည့်သည့်အခါ အကြမ်းဖက်မှုများနှင့် ရန်ပွဲများဖြစ်ပေါ်လာမည်ဖြစ်သည်။ အလုံးစုံစည်းလုံးညီညွတ်မှုတွင် ပါဝင်နေသည့် မိမိတို့၏အခန်းကဏ္ဍကို နားလည်မှသာ ငြိမ်းချမ်းရေးသည် အတိုင်းအတာတစ်ခုအထိ ဖြစ်နိုင်ခြေရှိသည်ဟု လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တစ်ဦးချင်းစီ၏ အရေးပါမှုကို ရေးသားခဲ့ပါသည်။ ထိုသို့အရေးပါလှသည့် တစ်ဦးချင်းစီ၏ စုပေါင်းစွမ်းအားဖြင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ပါသည်။

သို့ဖြစ်ရာ တစ်ဦးချင်းစီ၏အရေးပါမှုဖြင့် ပြိုင်တူတွန်းပါက ငြိမ်းချမ်းရေးပန်းတိုင်သို့ မလွဲမသွေရောက်ရှိနိုင်ပါကြောင်း အကြံပြုရေးသားလိုပါသည်။ ။

## အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**





## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာ သာသနာ့လင်္ကာရ ပရိယတ္တိစာသင်တိုက်သို့လည်း ကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မြေမြင့်ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ သုခကာရီကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ချောင်းဒေါင်းပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ နဂါးကျောင်းပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယ ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများသည် ယနေ့နံနက်တွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ကျောင်းတိုက်ရှိ သံဃာတော်များ၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့ လည်းကောင်း၊ ပရဟိတကျောင်းများသို့ လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်သမဝါယမအသင်းစုက ဆင်းသုခစပါးများဝယ်ယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သမဝါယမကဏ္ဍမှ စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများနှင့် အခြေခံသမဝါယမအသင်းများက အသင်းသားတောင်သူများ စိုက်ပျိုးထားသောစပါးများ ဝယ်ယူလျက်ရှိပြီး တပ်ကုန်းမြို့နယ်သမဝါယမအသင်းစုက ဆင်းသုခစပါးတင်းပေါင်း ၁၅၀ ကို ဝယ်ယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေမျှခြင်း ပရဟိတမိသားစုက စည်းကံတဲတိုက်သို့ သောက်သုံးရေ ၁၆၀၀ ဂါလန် လှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စည်းကံတဲတိုက်အတွက် သောက်သုံးရေ လိုအပ်လျက်ရှိသော စည်းကံတဲတိုက်သို့ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ဝေမျှခြင်း ပရဟိတမိသားစုက သောက်သုံးရေ ၁၆၀၀ ဂါလန် လှူဒါန်းပေးခဲ့သည်။

**လှူဒါန်းပေးလျက်ရှိ**

ညောင်ဦးမြို့နယ် သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများသို့ ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတမိသားစုက လှူဒါန်းပေးလျက်ရှိရာ ဇီးပင်ကြီးတဲတိုက်အတွက်လည်း သောက်သုံးရေ ၁၆၀၀ ဂါလန် လှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတမိသားစုက သောက်သုံးရေ လှူဒါန်းမှု စုစုပေါင်း ၇၇၀၀၀ ရေဂါလန် လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း စည်းကံတဲတိုက်တွင် အိမ်ခြေ ၄၀ ကျော်ရှိပြီး လူဦးရေ ၁၈၀ ဦးကျော် နေထိုင်ကြောင်းလည်း သိရသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၅၀ | ပထမဦးဆုံး အပန်းဖြေပန်းခြံတံတား |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၈:၃၅ | ကမ္ဘာ့အဆင့်ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရသည့်မြန်မာနိုင်ငံမြောက်ဖျား ဆီကအင်းတော်ကြီးကန်ဒေသ | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| | | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဏိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၁) |
| ၀၉:၁၅ | စိုက်ပျိုးရေးရာအဖြေရှာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ | | |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၅:၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း | ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၃၆) |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | ၂၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကိုင်းထိုး' |
| ၁၇:၃၅ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်
MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 Ecotourism: White City Block & Japanese Underground Hospital
07:26 Fine Arts Podium (Conch Shell Wind Instrument)
07:41 Lucrative Myanma Rattan Industry
08:01 Faith & Worship (Part-1)
08:19 Robe Business in Ta Ma Ta Kaw
08:34 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
08:46 Myanmar Masterclass: Artist Zay Yar Aye
09:01 News
09:26 Global Partnership for Brighter Future: Maldives Pavilion at Expo 2020 Dubai
09:36 Discovering Tribes: Taisun (Their Life and Customs) (Part-2)
10:01 Tea Leaves

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကြက်ကာလသားဟင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖိုင်းဖြူရွာကရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခု

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပုလွေမှုတ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာခေါင်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ယဉ်ကျေးမှုသမိုင်းလက်ရာများ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ခေါင်လန်ဖူးသို့အလည်တစ်ခေါက် (အပိုင်း-၂)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
အလှဖြာဝေကမ္ဘောဇဌာနေ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

မြန်မာ့အသံ ရေဒီယို
နံနက် (၅:၃၀) နာရီ မှ ည (၁၁:၀၀) နာရီအထိ
SW 5985 kHz / 9730 kHz
မြန်မာပြည် (အောက်ပိုင်း) MW 576 kHz
မြန်မာပြည် (အလယ်ပိုင်း) MW 594 kHz
မြန်မာ့အသံရေဒီယိုအစီအစဉ်များအား FM စနစ်ဖြင့် မြို့ကြီး (၈၅) မြို့တွင် ဖမ်းယူရရှိနိုင်ပါသည်။
Myanma Radio
(7:00) AM to (11:00) PM
FM Radio — Yangon 94.6 MHz, Pyinmana 101.7 MHz, Sagaing 99.0 MHz
သာဓု ရေဒီယို
နံနက် (၇:၀၀) နာရီ မှ မွန်းတည့် (၁၂:၀၀) နာရီ အထိ
ညနေ (၄:၀၀) နာရီ မှ ည (၉:၀၀) နာရီ အထိ
ရန်ကုန်နှင့်အနီးတစ်ဝိုက် FM 99.6 MHz
မြန်မာပြည်အလယ်ပိုင်း MW 711 kHz
တိုင်းရင်းသား ဘာသာ အစီအစဉ်
နံနက် (၆:၀၀) နာရီ မှ ည (၈:၃၀) နာရီအထိ
တချင်၊ ချင်း (လိုင်ဇို)၊ ချင်း (ချိုး)၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကိုးကန့်၊ ပအိုဝ်း၊ မန
SW 5915 kHz
နံနက် (၆:၀၀) နာရီ မှ ည (၇:၀၀) နာရီအထိ
တယား၊ ကယန်း၊ ဇေရိ၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်
MW 729 kHz

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၄၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၃၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၈၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၁၂၆၀ | ၁၀၃၃၃၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၇၉၉ | ၂၃၉၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၃ | ၃၄၄၅၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၆ | ၁၇၁၀၀ |
| AHP | ၅၂၀၀ | ၅၂၀၀ | ၂ | ၁၀၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြိုင်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ ဆုတံဆိပ်ရရှိရေး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြမှာ ဖြစ်ပါတယ်

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်အား တွေ့ဆုံမေးမြန်းခြင်း

*သတင်းအဖွဲ့*



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်

**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ၁၂-၅-၂၀၂၂ ရက်မှ ၂၃-၅-၂၀၂၂ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံက အားကစားနည်းမည်မျှ ပါဝင်ယှဉ်ပြိုင်မည်၊ မည်သို့ ကြိုတင်ပြင်ဆင်လေ့ကျင့် ဆောင်ရွက်လျက်ရှိသည်၊ အားကစားသမား မည်မျှဝင်ရောက်ယှဉ်ပြိုင်ကြမည်၊ ဆုတံဆိပ်မျှော်မှန်းထားရှိမှုအခြေအနေ စသည်တို့နှင့်ပတ်သက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်အား တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ ။ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ အချိန်နီးကပ်လာနေပြီ ဖြစ်ပါတယ်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သိလိုပါတယ်။**

ဖြေ။ ။ ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံမှာ ၁၂-၅-၂၀၂၂ ရက်ကနေ ၂၃-၅-၂၀၂၂ ရက်အထိ ဟန္နိုင်းမြို့အပါအဝင် အခြားနေရာ ၁၂ နေရာမှာ ကျင်းပသွားဖို့ ဗီယက်နမ်နိုင်ငံ အိုလံပစ်ကော်မတီရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ အတည်ပြုချက်ရရှိထားပြီး ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမှာဖြစ်ပြီး စုစုပေါင်း ရွှေတံဆိပ် ၅၂၆ ခု ချီးမြှင့်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ အားကစားနည်း ၁၈ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၈ နည်း အတွက် ရွှေတံဆိပ် ၂၇၉ ခု ချီးမြှင့်မှာ ဖြစ်ပါတယ်။

ပြိုင်ပွဲအောင်မြင်မှု ရရှိရေးအတွက် ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အရ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းမှာ အားကစားနည်း ၁၂ နည်းကို ၁-၂-၂၀၂၁ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်လျက်ရှိပါတယ်။ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်/စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး အားကစားနည်းတွေ ဖြစ်ပါတယ်။ စခန်းသွင်းထားတဲ့ အင်အားကတော့ အားကစားသမား အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၄၂ ဦး ဖြစ်ပြီး အုပ်ချုပ်/နည်းပြ ၃၉ ဦး အပါအဝင် ၁၈၁ ဦး စခန်းသွင်းလေ့ကျင့်လျက်ရှိပါတယ်။

ရန်ကုန်မြို့မှာတော့ အားကစားနည်း လေးနည်းဖြစ်တဲ့ ဘိလိယက်/စနူကာ၊ ကာယဗလနဲ့ ကာယကြံ့ခိုင်မှု၊ လှေလှော်၊ သေနတ်ပစ် အားကစားနည်းတွေကို ၁-၂-၂၀၂၁ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်စေလျက်ရှိပါတယ်။ စခန်းသွင်းထားတဲ့အင်အားကတော့ အားကစားသမား အမျိုးသား ၁၂၁ ဦး၊ အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၂၀၄ ဦးဖြစ်ပြီး အုပ်ချုပ်/နည်းပြ ၅၈ ဦး အပါအဝင် ၂၆၂ ဦး စခန်းသွင်းလေ့ကျင့်လျက်ရှိပါတယ်။ ကျန်အားကစားနည်း နှစ်နည်းဖြစ်တဲ့ ဂေါက်သီးနဲ့ စစ်တုရင်အားကစားနည်းတွေကတော့ မိမိတို့အဖွဲ့ချုပ်အစီအစဉ်နဲ့ လေ့ကျင့်နေကြတာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြိုင်ပွဲမှာ အောင်မြင်မှုရရှိစေဖို့အတွက်လည်း အားကစားနည်း ခြောက်နည်းကို နိုင်ငံတကာကို Joint Training စေလွှတ်ထားပါတယ်။ စေလွှတ်ထားတဲ့ အားကစားနည်းတွေကတော့ ပြေးခုန်ပစ် ၃၀၊ လက်ဝှေ့ ၁၀ ဦး၊ ဘော်လီဘော ၁၅ ဦး၊ အလေးမ ၁၆ ဦး၊ ဝူရှူး ရှစ်ဦး၊ လှေလှော် (ကနူး/ကယက်) ၂၀ ရှိပါတယ်။

**မေး။ ။ ပြိုင်ပွဲကို အားကစားနည်းအလိုက် သွားရောက်ယှဉ်ပြိုင်ဖို့ ခန့်မှန်းလျာထားတဲ့ အုပ်ချုပ်/ နည်းပြ၊ အားကစားသမား အရေအတွက် ခန့်မှန်းစာရင်း သိချင်ပါတယ်။**

ဖြေ။ ။ လက်ရှိအနေအထားအရတော့ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ အပါအဝင် အားကစားနည်း ၁၈ နည်းအတွက် အင်အား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်။ အုပ်ချုပ်/နည်းပြ၊ အားကစားသမား အရေအတွက်က အနည်းငယ် အပြောင်းအလဲရှိနိုင်ပေမယ့် အမှန်တကယ်သွားရောက်ယှဉ်ပြိုင်တဲ့အခါ အုပ်ချုပ်မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့တွေနဲ့ ဖိတ်ကြားခံပုဂ္ဂိုလ်များ ပါရှိလာမှာဖြစ်တဲ့အတွက် အင်အား ၄၅၀ နဲ့ ၅၀၀ ကြား သွားရောက်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှု အခြေအနေအရ လေ့ကျင့်ချိန် တစ်နှစ်ကျော်လာပြီဖြစ်တဲ့အတွက် အားကစားနည်းအလိုက် ဆုတံဆိပ်ဘယ်လောက်ရမယ်လို့ ခန့်မှန်းထားပါသလဲ။**

ဖြေ။ ။ ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်းတွေအနက် မြားပစ်၊ ဘိလိယက်/စနူကာ၊ ကာယဗလနဲ့ ကာယကြံ့ခိုင်မှု၊ ဗိုဗီနမ်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ဝူရှူး၊ လှေလှော်၊ တိုက်ကွမ်ဒို အားကစားနည်း ကိုးခုက ရွှေ၊ ငွေ၊ ကြေး တံဆိပ်များ မျှော်မှန်းထားပါတယ်။ အများဆုံး ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၈ ခုနဲ့ ကြေးတံဆိပ် ၃၀ စုစုပေါင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ၆၀ မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲအနေအထားအရ အတိုးအလျှော့လည်း ရှိနိုင်ပါတယ်။ အားကစားသမားတွေ အနေနဲ့လည်း ပြိုင်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ ဆုတံဆိပ်ရရှိရေး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြမှာ ဖြစ်ပါတယ်။

**မေး။ ။ အားကစားသမားတွေကို ကြိုတင်ပြင်ဆင် စခန်းသွင်းထားတဲ့အခါ ပြည်တွင်း နည်းပြတွေနဲ့ပဲ လေ့ကျင့်တာလား။ နိုင်ငံခြားအဆင့်မြင့်နည်းပြတွေ ငှားရမ်းလေ့ကျင့်တာရော ရှိ/မရှိ သိလိုပါတယ်။**

ဖြေ။ ။ အားကစားနည်း လေးနည်းဖြစ်တဲ့ မြားပစ်အားကစားနည်းကိုတော့ ကိုရီးယားနည်းပြ မစ္စတာ ဘွန်ဆန်ယွန်း (Mr. Byung San Youn) ကို ၃-၆-၂၀၂၁ ရက်ကနေ ၂-၆-၂၀၂၂ ရက်အထိ ငှားရမ်းလေ့ကျင့်လျက်ရှိပြီး မြန်မာ့လက်ရွေးစင်နည်းပြများနဲ့ ပူးတွဲလေ့ကျင့်ပေးလျက်ရှိပါတယ်။

တိုက်ကွမ်ဒိုအားကစားနည်းကိုလည်း ကိုရီးယားနည်းပြဖြစ်တဲ့ မစ္စတာ ယူအင်ချို (Mr. Yu Ung Cho) ကို ၁-၁၀-၂၀၂၁ ရက်မှ ၃၀-၄-၂၀၂၂ ရက်အထိ ငှားရမ်းလေ့ကျင့်လျက်ရှိပြီး မြန်မာ့လက်ရွေးစင် နည်းပြများနဲ့ ပူးတွဲလေ့ကျင့်ပေးလျက်ရှိပါတယ်။

ပီတန်းအားကစားနည်းကိုတော့ ထိုင်းလူမျိုးနည်းပြ မစ္စတာ စမတ်သွန်းဂေါရက် (Mr. Smart Thongorathed) ကို ၃-၁၂-၂၀၂၁ ရက်ကနေ ၂-၇-၂၀၂၂ ရက်အထိ ငှားရမ်းလေ့ကျင့်လျက်ရှိပါတယ်။

အားကစားနည်းအားလုံးအတွက် အားကစားသမားတွေ ကျန်းမာသန်စွမ်းစေဖို့ GYM လေ့ကျင့်ခန်းတွေ ဝင်ရောက်လေ့ကျင့်တဲ့အခါ စနစ်ကျတဲ့ လေ့ကျင့်မှုတွေ ပြုလုပ်နိုင်စေဖို့ ဂျပန်နည်းပြ မစ္စတာ မစ်ဇူဂူအင်နူး (Mr. Mitsuru Inoue) ကို ၁-၁၀-၂၀၂၁ ရက်မှ ၃၀-၉-၂၀၂၂ ရက်အထိ ငှားရမ်းလေ့ကျင့်လျက်ရှိပါတယ်။

**မေး။ ။ အားကစားနည်းအလိုက် အားကစားသမားတွေကို စိစစ်ရွေးချယ်တဲ့အခါ စံချိန်စံညွှန်းအပေါ်မှာ မူတည်ပြီး ရွေးချယ်တာလား။ ဒါမှမဟုတ် စံချိန်စံညွှန်းမရှိတဲ့ အားကစားနည်းတွေ အတွက်ရော ဘယ်လိုစိစစ်ရွေးချယ်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ စံချိန်စံညွှန်းနဲ့ ရွေးချယ်ရတဲ့ မြားပစ်၊ ပြေးခုန်ပစ်၊ လှေလှော်၊ သေနတ်ပစ်၊ အလေးမ စတဲ့စံချိန်ရှိ အားကစားနည်းများကိုတော့ ယခင် SEA Games ပြိုင်ပွဲစံချိန်များနဲ့ နှိုင်းယှဉ်ရွေးချယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။

စံချိန်စံညွှန်းမရှိတဲ့ ကျန်အားကစားနည်းတွေအတွက်ကတော့ အားကစားနည်းအလိုက် သက်ဆိုင်ရာ နည်းပြအဖွဲ့က နည်းစနစ်ကိုယ်စားလှယ်တွေ၊ အားကစားနှင့်ကာယပညာဦးစီးဌာနက တာဝန်ပေးအပ်သူတွေနဲ့ စနစ်တကျ အမှတ်ပေးရွေးချယ်တာ ဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲကြီးအတွက် စခန်းဝင်ရောက်နေတဲ့ အားကစားသမားတွေကို နိုင်ငံတော်အနေနဲ့ ဘယ်လိုကျွေးမွေးထောက်ပံ့ပေးနေပါသလဲ ။**

ဖြေ။ ။ စခန်းဝင်လေ့ကျင့်နေတဲ့ အုပ်ချုပ်/နည်းပြကစားသမားတွေကို စားစရိတ်အဖြစ် တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ကျွေးမွေးဆောင်ရွက်လျက်ရှိပါတယ်။ ထောက်ပံ့ကြေးအနေနဲ့ကတော့ အုပ်ချုပ်/နည်းပြများနှင့် ကစားသမားတွေကို A အဆင့်ဆိုရင် ကျပ်နှစ်သိန်း ၊ B အဆင့်ဆိုရင် တစ်သိန်းခွဲ၊ C အဆင့်ဆိုရင် တစ်သိန်း ထောက်ပံ့ချီးမြှင့်ပေးထားပါတယ်။ ကစားသမားတွေအနေနဲ့ကတော့ ယခင် SEA Games ပြိုင်ပွဲမှာ ရွှေတံဆိပ်ရထားဖူးတဲ့ ကစားသမားဆိုရင် A အဆင့် သတ်မှတ်ပြီး ငွေ/ကြေး ဆုတံဆိပ် တစ်ခုခုရဖူးရင် B အဆင့်၊ ဆုတံဆိပ်မရဖူးပေမယ့် စွမ်းဆောင်မှု ကောင်းမွန်ပြီး အလားအလာရှိတဲ့သူဆိုရင် C အဆင့် သတ်မှတ်ပြီး ချီးမြှင့်ပေးထားတာ ဖြစ်ပါတယ်။

ဒါ့အပြင် စခန်းဝင်ရောက်နေတဲ့ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ အားကစားသမားများအားလုံးကို T-Shirt, Sport Shirt, Walking Shoes, Track Suit နဲ့ လေ့ကျင့်ရေးသုံးနဲ့ ပြိုင်ပွဲသုံး ပစ္စည်းတွေ၊ အားကစားနည်းအလိုက် လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းတွေအားလုံးကို ဌာနက ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးထားပါတယ်။ စခန်းဝင် အုပ်ချုပ်/နည်းပြအားလုံးကို နေ့စဉ် (နံနက်၊ နေ့လယ်၊ ည) သုံးကြိမ် အားဆေးတိုက်ကျွေးလျက်ရှိပါတယ်။

ဒါ့အပြင် အုပ်ချုပ်/နည်းပြနဲ့ စခန်းဝင်အားကစားသမားအားလုံးကိုလည်း အားကစား အဖွဲ့လိုက်ဖြစ်စေ၊ လိုအပ်ရင် တစ်ဦးချင်းဖြစ်စေ စိတ်ပညာပါမောက္ခက Mental Training အဖြစ် စိတ်ဓာတ်မြင့်မားစေမယ့် Motivation တွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။

**မေး။ ။ ပြိုင်ပွဲကြီး ပြီးတဲ့အခါ နိုင်ငံ့ဂုဏ်ဆောင်ပြီး ဆုတံဆိပ်ရရှိခဲ့တဲ့ အားကစားသမားတွေကို နိုင်ငံတော်က ချီးမြှင့်ထောက်ပံ့ပေးမယ့် အခြေအနေကရော ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှု ဆုတံဆိပ်ရယူပေးနိုင်ခဲ့တဲ့ အားကစားသမားတွေကို နိုင်ငံတော်အနေနဲ့ အားကစားသမားတစ်ဦးချင်းအတွက် ရွှေတံဆိပ် ငွေကျပ်သိန်း သုံးရာ၊ ငွေတံဆိပ် ငွေကျပ် သိန်းတစ်ရာ၊ ကြေးတံဆိပ် ငွေကျပ်သိန်း ငါးဆယ် ၊ အသင်းလိုက်ပြိုင်ပွဲအတွက် ရွှေတံဆိပ် ငွေကျပ်သိန်း တစ်ရာ၊ ငွေတံဆိပ် ငွေကျပ် သိန်းငါးဆယ်၊ ကြေးတံဆိပ် ငွေကျပ် သိန်းသုံးဆယ်နဲ့ နည်းပြနဲ့ အုပ်ချုပ်မှုအဖွဲ့အတွက်လည်း ရွှေတံဆိပ် ငွေကျပ် သိန်းတစ်ရာ၊ ငွေတံဆိပ် ငွေကျပ် သိန်းငါးဆယ် ၊ ကြေးတံဆိပ် ငွေကျပ် သိန်း သုံးဆယ် ချီးမြှင့်ပေးခဲ့ပါတယ်။ ယခုလာမယ့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်လည်း ထိုက်သင့်တဲ့ ချီးမြှင့်ငွေများ ထောက်ပံ့ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး။ ။ ပြိုင်ပွဲနဲ့ပတ်သက်ပြီး သီးခြားပြောလိုတာရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကြိုတင်ပြင်ဆင်ချိန်ကာလ တစ်နှစ်လောက် ရခဲ့ပါတယ်။ ရတဲ့အချိန်အတွင်း ကျွန်တော်တို့ ဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူတွေ၊ အားကစားအဖွဲ့ချုပ်က တာဝန်ရှိသူတွေအနေနဲ့ အားကစားသမားတွေရဲ့ လေ့ကျင့်ပြင်ဆင်ဆောင်ရွက်မှုတွေကို မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မကြာခဏဆိုသလို အားပေးစကားပြောကြားခြင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်များနဲ့အညီ ပြုမူနေထိုင်စေရေး ကြပ်မတ်ခြင်း၊ ကျန်းမာရေးကို အထူးဂရုပြုပြီး ပြိုင်ပွဲမှာ အားကစားနည်းအလိုက်အောင်မြင်မှုရအောင် ကြိုးပမ်းဆောင်ရွက်ရေး စတဲ့ စိတ်ဓာတ်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးမှုတွေကိုလည်း မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကစားသမားတွေရဲ့ စိတ်ဓာတ်ရေးရာ အခြေအနေအရရော၊ လေ့ကျင့်မှုအခြေအနေအရရော၊ စည်းကမ်းကောင်းမွန်စွာ ပြုမူဆောင်ရွက်မှု အခြေအနေအရရော ခြုံငုံကြည့်ရင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပြိုင်ပွဲဝင်မယ့် အားကစားသမားတွေကို စိတ်ဓာတ်ရေးရာအရ အားပေးကြဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။ ။

# ခရမ်းနှင့် သုံးခွမြို့နယ်၌ သောက်သုံးရေကန်များသို့ ရေပို့ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန်နှစ်သိန်းဆံ့ ရေစုကန်တူးဖော်ခြင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွနှင့် ခရမ်းမြို့နယ်အတွင်း နွေရာသီကာလ ရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေကန်များသို့ ရေပို့ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန်နှစ်သိန်းဆံ့ ရေစုကန်တူးဖော်ခြင်းနှင့် ရေထိန်းတံခါးချပ်များ လဲလှယ်တပ်ဆင်ရန် ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးအောင်သန်းဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးအား သုံးခွရေထိန်းတံခါး ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် သုံးခွနှင့် ခရမ်းမြို့နယ်အတွင်း မြို့ပေါ် သောက်သုံးရေကန်များသို့ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း၊ သုံးခွမြို့ ရေပေးရေးလုပ်ငန်းအတွက် သုံးခွရေထိန်းတံခါးမှ (၃၁)ကေရေကန်သို့ ရေကူ ဖြည့်တင်းမည့်လုပ်ငန်း၊ ဂါလန်နှစ်သိန်းဆံ့ ရေစုကန် တူးဖော်နေမှုနှင့် ရေယူမြောင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သုံးခွမြို့ အမှတ်(၅)ရပ်ကွက် မဟာစည်သာသနာ့ရိပ်သာတွင် လူဦးရေ ၄၈ ဦး ထားရှိနိုင်မည့် ကိုဗစ်စင်တာ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာနှင့် သူဌေးကွင်း-ပုဂံတောင်-ဖားကူး -မောင်းမလမ်းမကြီးနှင့် ဆက်သော ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါးရှိ ရေတံခါးချပ်များသည် နှစ်ကာလကြာမြင့်ပြီဖြစ်၍ အစားထိုးတံခါးချပ်သစ်များ လဲလှယ်တပ်ဆင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



သုံးခွရေထိန်းတံခါး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။

# စလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၅၈ ရာခိုင်နှုန်းကျော်ရှိ

**စလင်း ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆေးထိုးစုရပ်များဖြစ်သည့် ကျေးလက်ကျန်းမာရေးဌာနများနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်အထိ ပထမအကြိမ်ထိုးနှံပြီးသူ ၉၇၄၄၄ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးစီးသူ ၈၃၁၉၇ ဦး ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမဆောင်၊ ဆင်ဖြူကျွန်း ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၊ သရက်တောကျေးရွာ တိုက်နယ်ဆေးရုံ၊ တညောင်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနနှင့် စုရပ်အသီးသီးတို့တွင် ထိုးနှံပေးနေသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးအခက်အခဲရှိသူများနှင့် သက်ကြီးဘိုးဘွားများ အဆင်ပြေစွာ ထိုးနှံနိုင်ရေးအတွက် ကျေးရွာများသို့ နယ်လှည့်ကွင်းဆင်း၍လည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ် တစ်မြို့နယ်လုံး၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ လျာထားဦးရေ ၁၆၇၅၇၉ ဦးရှိသည့်အနက် ဖေဖော်ဝါရီ ၁၉ ရက်အထိ ပထမအကြိမ် ထိုးနှံပြီးသူ ၉၇၄၄၄ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၈၃၁၉၇ ဦးရှိကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ ၅၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်း ဆေးထိုးနှံမှု ရာခိုင်နှုန်းအပြည့်အဝ လွှမ်းခြုံထိုးနှံပြီးစီးရေးအတွက် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



# မောင်တော၌ ကိုဗစ်-၁၉ ပိုးတွေ့ရှိခဲ့သူများ၏ မိသားစုဝင်များအား စားနပ်ရိက္ခာများထောက်ပံ့

**မောင်တော ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ပိုးတွေ့ရှိခဲ့သည့် နေအိမ်များမှ မိသားစုဝင်များအား စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းနှင့် အသွားအလာကန့်သတ်ထားရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု စစ်ဆေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံထွန်းအောင်နှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ဖေဖော်ဝါရီ ၁၉ ရက်က ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သော မြို့မရှေ့ရပ်ကွက်နှင့် မြို့မမြောက်ရပ်ကွက်မှ အသွားအလာကန့်သတ်ထားသည့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥ စသည့် စားနပ်ရိက္ခာများကို ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ထောက်ပံ့ပေးအပ်ပြီးနောက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပိုးတွေ့သူများအား အသွားအလာကန့်သတ်ထားရှိမည့် မြို့နယ်သာသနာ့ဗိမာန်တွင် ခုတင်များ စီစဉ်ပေးသည်။ လူနာ ၅၀ ခန့်ထားရှိမည့် မြို့နယ်အားကစားခန်းမ ကုသရေးစင်တာတွင် ရေ၊ မီး၊ ခုတင် စသည်တို့ အဆင်ပြေစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**

ဝမ်းတွင်းမြို့နယ် ရုံးပင်ကုန်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမ ခြောက်လ ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေ ကျပ် ၁၇ သန်းကျော်ဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစုကန်၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများဖြစ်သည့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်း၊ ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရုံးပင်ကုန်းကျေးရွာ၌လည်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူပြီး အနက် ပေ ၄၀၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ အကျယ် ငါးပေပတ်လည်၊ အမြင့် ခုနစ်ပေရှိ ရေစင်တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်း လုပ်ငန်းများကို နိုဝင်ဘာလမှ စတင်ဆောင်ရွက်ပေးခဲ့ကာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ပြီးစီးပါက ရုံးပင်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်မှ လူဦးရေ ၆၀၀ ကျော်အတွက် သောက်သုံးရေများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ဝေါမြို့နယ်တွင် စိုက်နည်းစနစ်သုံးမျိုးဖြင့် စိုက်ပျိုးထားသည့် နှမ်းစပါးစံပြစိုက်ခင်းများကို တောင်သူများကွင်းဆင်းလေ့လာ

**ဝေါ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်သုံးမျိုးဖြင့် စိုက်ပျိုးထားသည့် နွေစပါးစံပြစိုက်ခင်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ စပါးစိုက်တောင်သူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းလေ့လာကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျိုက်လှကျေးရွာတွင် စိုက်နည်းစနစ် သုံးမျိုးဖြင့် စိုက်ပျိုးထားသည့် နွေစပါးစံပြကွက်များဖြစ်သော နွေစပါး(GAP) စံပြစိုက်ခင်း၊ နွေစပါး(ကောက်စိုက်စက်) စံပြစိုက်ခင်းနှင့် နွေစပါးတိုက်ရိုက်အစေ့ချ စံပြစိုက်ခင်းများမှ စိုက်ပျိုးနည်းစနစ်များကိုရယူကာ ပြန်လည်စိုက်ပျိုးနိုင်ရန် ကွင်းဆင်းလေ့လာခြင်းဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မိုးလွင်က စိုက်ပျိုးထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများက သိလိုသည်များကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

**စိုးမိုး(ပြန်/ဆက်)**

## တောင်သူလယ်သမားနေ့အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ မတ် ၂ ရက်တွင် ကျင်းပမည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ပြသရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် သီးပင်စားပင်များ၊ သစ်ပင်ပန်းမန်များနှင့် အခမ်းအနားပြုလုပ်မည့် နေရာတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က ကြည့်ရှုကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါးဒူးကျေးရွာသို့ရောက်ရှိပြီး တောင်သူလယ်သမားနေ့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ် ကားလမ်းမိုင်တိုင် ၉၆/၅ နှင့် ၁၀၆/၅ တွင် လမ်းဦးစီးဌာနမှ ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုအား ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် အလယ်ကုန်းကျေးရွာ ဝိသုဒ္ဓါရုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကိုဗစ်-၁၉ စင်တာအဖြစ် ဆောင်ရွက်ထားရှိသည့်နေရာကိုကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမင်းထွန်း (ပြန်/ဆက်)**

## သီပေါမြို့၌ ဆောင်းပဲပုပ်မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**သီပေါ ဖေဖော်ဝါရီ ၂၀**
ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများပူးပေါင်း၍ အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီသော ပဲပုပ်မျိုးများ ရရှိစေရန် ရည်ရွယ်၍ ပဲပုပ်မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးခြင်းကို ဇန်နဝါရီ ၁၀ ရက်က ဘော်ကြို ကျေးရွာအုပ်စုဆားတွင်းကျေးရွာရှိ တောင်သူဦးနန္ဒော၏လယ်မြေတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ ၃၉ ရက်သား ဆောင်းပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆောင်းပဲပုပ်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးရာတွင် ရေဆင်း(၂)၊ ရေဆင်း(၁၂)၊ ရေဆင်း(၁၅) မျိုးများနှင့် ဒေသမျိုးများဖြစ်သည့် ကိုင်းလျှို၊ မောက်ဖိတ်၊ စီပီမျိုး စုစုပေါင်းခြောက်မျိုးအား မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း၊ ရေဆင်း(၂)၊ ရေဆင်း(၁၂)နှင့် ရေဆင်း(၁၅) ပဲပုပ်မျိုးများသည် စိုက်ပျိုးရေးဦးစီးဌာနမှ စနစ်တကျစိုက်ပျိုးပြီး သန့်စင်ထားသော မျိုးသန့်၊ မျိုးပွားများဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် ရေဆင်းမျိုးများနှင့် ဒေသထွက်မျိုးများအား ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်း ဖြစ်ကြောင်း၊ ယခုအခါ ၃၉ ရက်သားရှိပြီဖြစ်သော ဆောင်းပဲပုပ်စမ်းသပ်ကွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စမ်းသပ်ကွက်မှရရှိမည့် အောင်မြင်ဖြစ်ထွန်းမှုအများဆုံးနှင့် အထွက်နှုန်းကောင်းသည့် ပဲပုပ်မျိုးများကို ဒေသတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် တောင်သူများအား စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အသိပညာများမျှဝေခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။




**မြို့နယ် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့၌ သရက်သီးကင်းရောင်းချသူများ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ သရက်သီးကင်း များ စတင်အသီးသီးချိန်တွင် ပေါ်ဦးပေါ်ဖျား သရက်သီးကင်း ရောင်းချသူများ ရောင်းအားကောင်းမွန်ပြီး ဈေးကောင်းရရှိ၍ နေ့စဉ် မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"သရက်သီးကင်းက ပေါ်ဦးပေါ်ဖျားဆိုတော့ သရက်သီးကင်းတွေကို တို့စရာအဖြစ် ဒေသခံပြည်သူတွေက ဝယ်ယူစားသုံးကြတော့ ရောင်းအား ကောင်းပါတယ်။ သရက်သီးကင်းကလည်း ခုမှစပြီး အသီးသီးတဲ့အချိန်ဆိုတော့ ဈေးကလည်း ကောင်းတယ်။ အလုံးအကြီး၊အသေးပေါ် မူတည်ပြီး တစ်လုံးကို ငွေကျပ် ၁၀၀ မှ ၁၅၀ ခန့် ရောင်းချရပါတယ်။ အခုချိန်က သရက်သီးကင်း ရောင်းတဲ့လုပ်ငန်းက မိသားစုအတွက်နေ့စဉ်ဝင်ငွေရရှိလို့ လုပ်ငန်းအဆင်ပြေပါတယ်" ဟု ပွင့်ဖြူ မြို့မစည်ပင်သာယာဈေးအတွင်းရှိ သရက်သီးကင်း လာရောက် ရောင်းချသည့် အမျိုးသမီးတစ်ဦး က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကော့ကရိတ်မြို့၌ ဒေသဝက်မျိုးများဈေးကောင်းရရှိသည့်အတွက် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေ

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၀**
ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ယခုနှစ်တွင် ဒေသဝက်မျိုးများ ဈေးကောင်း ရရှိနေသည့်အတွက် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အဆင်ပြေလျက် ရှိကြောင်း ကော့ကရိတ်မြို့ လှိုင်ဝကျေးရွာနေ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

"အရင်နှစ်ကတော့ ဝက်တွေရောဂါဖြစ်နေတဲ့ အချိန်မှာ ကတ္တားနဲ့ချိန်ရင် တစ်ပိဿာကို ငွေကျပ် ၄၅၀၀ အထိ ဈေးကထိုးကျသွားတယ်။ ယခုအချိန်မှာတော့ တစ်ပိဿာကို ငွေကျပ် ၆၀၀၀ နဲ့ ၆၀၀၀ အထက်တော့ ရနေပါတယ်။ ကျွန်တော့်အနေနဲ့က ၂၀၁၈ ခုနှစ်ကစပြီးတော့ ဝက်မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်လာခဲ့တာပါ။ ယခုအချိန်မှာတော့ ဝက်အရွယ်အစားအလိုက် အကောင်ရေ ၂၅ ကောင်ကို မွေးမြူထားပါတယ်။ ဝက်မျိုးတွေကိုတော့ ဒီဒေသပတ်ဝန်းကျင်မှာရှိတဲ့ မျိုးကောင်းမျိုးသန့်တွေကို ရှာပြီးဝယ်ယူပြီးတော့ မွေးပါတယ်။ ဒီမှာဝက်သားခွဲ လက်ရှိပေါက်ဈေးကတော့ ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ပေးရတယ်။ ဒီဒေသမှာတော့ ၄၅ ရက် ဆိုရင် သားခွဲတာပေါ့။ ဝက်သားခွဲကစပြီးတော့ မွေးမြူမယ်ဆို လေးလလောက်ဆိုရင် ရောင်းရတဲ့ အနေအထားကို ရောက်ပါတယ်။ ဝက်အစာတွေကိုတော့ ဒီဟက်(စ်)မွေးမြူရေး အသင့်သုံးအစာတွေကို ကျွေးပါတယ်။ ဝက်တွေကျန်းမာရေးအရ အသီးအရွက်တွေ ကျွေးပါတယ်။ အခုချိန်မှာ ဝက်ကဈေးကောင်းရတဲ့အတွက် ဝက်အစာတွေ ဈေးနှုန်းမြင့်နေတာတောင်ဝက်မွေးမြူရေး လုပ်ငန်းကအဆင်ပြေပါတယ်"ဟု လှိုင်ဝကျေးရွာနေ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးအောင်လင်းကပြောသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**

## နမ္မတူမြို့၌ အင်တာနက် အီးမေးလ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်ပို့ချ

**နမ္မတူ ဖေဖော်ဝါရီ ၂၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်ရုံးမှ အင်တာနက် အီးမေးလ်အသုံးပြုနည်း သင်တန်းကို ယမန်နေ့က နမ္မတူမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါ ကာကွယ် ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်ခိုင်ဇာထွန်းက အီးမေးလ်အကောင့်ဖွင့်နည်း၊ အီးမေးလ်ဖြင့် ရုံးစာပေးပို့နည်း၊ ဗီဒီယိုဖိုင်ပေးပို့နည်းနှင့် ဗီဒီယိုဖိုင်တည်းဖြတ်နည်းများကို လက်တွေ့အသုံးပြုနိုင်ရေး ရှင်းလင်းပို့ချခဲ့ရာ ဌာနဆိုင်ရာများမှ ဝန်ထမ်း ရှစ်ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**မင်းဘူး ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်ကော်မတီထံမှ သိရသည်။

ထိုသို့ ထိုးနှံရာတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၁၈ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူ ၇၅၄၆ ဦး၊ ၁၈ နှစ်နှင့်အထက် ပြည်သူ ၈၂၄၀၅ ဦး စုစုပေါင်း ၈၉၉၅၁ ဦးထိုးနှံပေးနိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးရန် ကျန်ရှိနေသူများအား ကာကွယ်ဆေးများကို သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ်မြတ်သည် သက်တော်(၉၂) နှစ်၊ သိက္ခာတော်(၇၂)ဝါ အရ ၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ (၂၀-၂-၂၀၂၂)၊ တနင်္ဂနွေနေ့၊ မွန်းလွဲ (၁၂:၂၀)နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ မင်းကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ စိန်ပန်းရပ်ကွက် ခမည်းတော် ဦးမောင်လှ- မယ်တော် ဒေါ်နှင်းရွှေတို့က ၁၂၉၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ရွှေဘုံသာကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်တွင် မြန်အောင်မြို့ ရွှေဘုံသာကျောင်းတိုက် ခဏ္ဍသိမ်၌ မြန်အောင်မြို့နယ် ကျောက်ကုန်းရွာ တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ မြန်အောင်မြို့ ဦးသာအေး- ဒေါ်ကြီးတန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မြန်အောင်မြို့ ရွှေဘုံသာကျောင်းတိုက်ဆရာတော်၊ သင်္ဂဇာကျောင်းတိုက်ဆရာတော်များ၊ ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက်ဆရာတော်၊ ရန်ကုန်မြို့ ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော်၊ ဇဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် စသောဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် လွိုင်ကော်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချ၊ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော်အလှူခံ**

ဤသို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုး ရရှိတော်မူခြင်း ဆောင်ရွက်တော် မူခဲ့သော သာသန ဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလန္တနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၄ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့နှင့် ၂၀၂၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါအရ ၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော်(၅)ရက် (၂၀-၂-၂၀၂၂)၊ တနင်္ဂနွေနေ့၊ မွန်းလွဲ(၁၂:၂၀)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၉၄၀ ရှိပြီဖြစ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၀

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် စုကြီးထန်းတောရပ်ကွက် မြို့တော်ခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိရာ ထပ်ဆောင်း ကိုဗစ်-၁၉ ရာဂါ ကာကွယ်ဆေးထိုးပြီးသူ ၁၉၄၀ ရှိကြောင်း သိရသည်။**

ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ရဲတပ်ဖွဲ့ဝင် ၁၅၆ ဦး၊ ပညာရေးဝန်ထမ်း ၄၉၀၊ အသက် ၅၀ နှင့်အထက် နိုင်ငံ့ဝန်ထမ်း ၈၇၆ ဦးနှင့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၄၁၈ ဦး စုစုပေါင်း ၁၉၄၀ ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ မှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့်ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံရာတွင် ပြည်သူများ အဆင်ပြေစေရေး အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး စနစ်တကျ ထိုးနှံပေးလျက်သည်။

**သက်မောင်(ကျောက်ဆည်)**



## သံတောင်ကြီးမြို့နယ်၌ စိုက်ပျိုးမြေဧက ၁၀၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်အကျိုးပြုမည့် ငှက်ပျောတော- ချီးသူစောကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၀၂ သန်းဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။ **(အပေါ်ပုံ)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ယခုဘဏ္ဍာနှစ် ခြောက်လတာတွင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ငှက်ပျောတော- ချီးသူစောကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မထု ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၀၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် Poo Nagar ကုမ္ပဏီနှင့် Golden Eagle ကုမ္ပဏီတို့မှ ဆောင်ရွက်ရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောသည်။

အဆိုပါ ငှက်ပျောတော - ချီးသူစောကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၉၀၁ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၅၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ကိုဗစ်-၁၉ ရောဂါ အသိပညာပေး စည်းရုံးလှုံ့ဆော်မှု မိုင်းရယ်မြို့၌ ပြုလုပ်

**မိုင်းရယ် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံတွင် ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် ကူးစက်မှုများ တွေ့ရှိနေရပြီး မိုင်းရယ်မြို့နယ် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ရေးစည်းကမ်းများနှင့်အညီ သွားလာနေထိုင်ရန်အတွက် အသိပညာပေး နှာခေါင်းစည်းတပ်ဆင်ရေးကို ယနေ့နံနက် ၇ နာရီခွဲက မိုင်းရယ်မြို့၌ ပြုလုပ်သည်။

အသိပညာပေး နှာခေါင်းစည်းတပ်ဆင်ရေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းများက စနစ်တကျတပ်ဆင်စေပြီး ဖြန့်ဝေပေးသည်။

မိုင်းရယ်မြို့နယ်တွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၅၀၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ရသူ ၄၈၂ ဦး၊ သေဆုံးသူ ၁၈ ဦး၊ ဆေးကုသမှုမခံယူခဲ့သော လူနာနှစ်ဦး၊ ဆေးရုံတွင် စောင့်ကြည့်ကုသလျက်ရှိသူ နှစ်ဦးနှင့် Home Isolation ထားရှိသူ လေးဦးရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

# မိုးစပါးရာသီ၌ တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေး စီမံချက်ဖြင့် စိုက်ဧက ၁၁၇၀ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းခဲ့

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးရေးတောင်သူများ မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးစီမံချက်အနေဖြင့် ခရိုင် ငါးခရိုင်တွင် မိုးစပါးစိုက်ဧက ၁၁၇၀ ကို စိုက်ပျိုးဆောင်ရွက်ခဲ့ရာ အထွက်နှုန်းမှာ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန္ဒထွန်းတင်က ပြောကြားသည်။



အဆိုပါ စီမံချက်ကို ၂၀၂၀-၂၀၂၁ ခုနှစ် မိုးစပါးရာသီတွင် မိုးစပါးဧက ၁၀၀ အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေး စံပြကွက်များကို ခရိုင်ငါးခုရှိ မြို့နယ် ၁၄ မြို့နယ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဧက ၁၀၀၊ တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေဖြင့် ဧက ၁၀၇၀ စုစုပေါင်း ဧက ၁၁၇၀ စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ပျမ်းမျှအထွက်နှုန်း ၁၀၆ ဒသမ ၇၉ တင်းနှုန်းဖြင့် အထွက်တင်းပေါင်း ၁၂၄၉၅၂ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သည့် စပါးမျိုးများသည် ရောမင်း၊ မနောသုခ၊ ရွှေသွယ်ရင်စသည့်မျိုးများကို အဓိကထားစိုက်ပျိုးခဲ့ရာ အထွက်နှုန်းမှာ တင်း ၁၀၀ ကျော် ထွက်ရှိခဲ့ပြီး အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးရာသီမှာ ခရိုင်ငါးခရိုင် မြို့နယ် ၁၄ မြို့နယ်မှာ တစ်ဧကကို တင်း ၁၀၀ ထွက်ရှိရေးအတွက် ဧက ၁၁၇၀ ကို ဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးကို ဧပြီလကနေ စစိုက်ခဲ့ပြီးတော့ ဩဂုတ်လမှာ ရိတ်သိမ်းခဲ့ပါတယ်။ စိုက်ပျိုးကြတဲ့ တောင်သူတွေအတွက် သွင်းအားစုတွေရယ်၊ လုပ်အားခစရိတ်တွေရယ်နဲ့ စပါးမျိုးကောင်းမျိုးသန့်များကို ပံ့ပိုးပေးခဲ့ပါတယ်။ တင်း ၁၀၀ ထွက်ရှိရေးကို ဌာနကနည်းပညာရပ်များပေးကာ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ မြို့နယ်အလိုက်အထွက်နှုန်းဟာ တင်း ၁၀၀ ကျော် ထွက်ရှိပြီး ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းခဲ့ပါတယ်။ မိုးစပါး အောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် နွေစပါးကိုလည်း ဧကတိုးစိုက်ပျိုးသွားမှာပါ။ မိုးစပါးကို ဆည်ရေ၊ မြစ်ရေတင်၊ စက်ရေတွင်း၊ မိုးရေ၊ ချောင်းမြောင်းပိတ်၊ အခြားနည်းလမ်းတွေနဲ့ စိုက်ပျိုးခဲ့ပါတယ်။ မျိုးသက်တမ်းကတော့ သက်တမ်းကြီးတဲ့ ရောမင်းနဲ့ မနောသုခမျိုးတွေဖြစ်တဲ့ အတွက်ကြောင့် ၁၃၅ ရက်ကနေ ရက် ၁၅၀ ကြားတွေ ဖြစ်ပါတယ်။ ဝမ်းစာဖူလုံရေးအတွက် ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

မိုးစပါးရာသီတွင် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးအတွက် မြို့နယ်အလိုက် စိုက်ပျိုးခဲ့ရာ တိုင်းဒေသကြီးအချုပ်အနေဖြင့် စုစုပေါင်းမိုးစပါးစိုက်ဧက ၁၁၇၀ ကို စိုက်ပျိုးခဲ့ပြီး ပျမ်းမျှတစ်ဧကအထွက်နှုန်းအနေဖြင့် ၁၀၆ ဒသမ ၇၉ တင်း ထွက်ရှိကာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**မောင်အေးချမ်း**

# လက်ပံတန်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်

**လက်ပံတန်း ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကွမ်းသီးတပင်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ညောင်ကုန်းကျေးရွာ လျှပ်စစ်ထရန်စဖော်မာရှေ့တွင် ကျင်းပသည်။

အခမ်းအနားကို ကျေးရွာထရန်စဖော်မာရှေ့တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစံငြိမ်းနှင့် ကျေးရွာတာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလူက အမှာစကားပြောကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမင်းဗညားအောင်ဆန်းလင်းက လျှပ်စစ်ဓာတ်အားပေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က ကျေးရွာမီးလင်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

လက်ပံတန်းမြို့နယ် ညောင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးကို နိုင်ငံတော်မှ ၁၁ ကေဗွီလိုင်း ပေ ၆၈၀၀ နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထောက်ပံ့ပေးခဲ့ပြီး ၄၀၀ ဝပ် ဓာတ်အား



လိုင်းဖြင့် ကျေးရွာအတွင်း အိမ်ခြေ ၁၁၀ ကို မီတာတပ်ဆင်နိုင်ရန် ငွေကျပ်သိန်း ၁၉၀ဖြင့် ဆောင်ရွက်ထားရှိကြောင်းကျေးရွာမီးလင်းရေးကော်မတီထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်း သော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ် စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်းစသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၂၃၃၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၅၇၆၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ဒေသခံပြည်သူ ၃၀၀ နှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ် အိုမီခရွန်ကာကွယ်ရေး သီပေါမြို့နယ်၌ ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါဗီဇမျိုးကွဲသစ် အိုမီခရွန် ကြိုတင်ကာကွယ်ရေးအတွက် Mask Campain ကို ယနေ့နံနက်ပိုင်းက လူစည်ကားရာ နေရာများဖြစ်သော မြို့မဈေးကြီး ဝက်ဝံဈေးနှင့် လမ်းဆုံရာနေရာများတွင် ဆောင်ရွက်ကြသည်။

အဆိုပါ Mask Campaigm မြို့နက် ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း ဦးဆောင်မှုဖြင့် မြို့နယ်ယာယီထိန်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲ၊ ကျန်းမာရေး၊ တပ်ပင်ကာကွယ်ရေး၊ မီးသတ်၊ ကြက်ခြေနီ၊ ပြန်ဆက်ဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြပြီး ခရီးသွားပြည်သူများ၊ နေအိမ်ပြင်ပထွက်ခွာပါက ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်နှင့် လက်ကို စနစ်တကျ ဆေးကြရန်စသည့် ကိုဗစ်–၁၉ ရောဂါ ဗီဇမျိုးပြောင်းအိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပေးဆွေးနွေးကြသည်။

သီပေါမြို့နယ်အနေဖြင့် ယခုလတ်တလောကာလတွင် ကိုဗစ်–၁၉ရောဂါဖြစ်ပွားသူများ ပြန်လည်တွေ့ရှိရခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ညောင်ရွှေ မြို့မမင်္ဂလာဈေး၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန မြို့မမင်္ဂလာဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်အသုံးပြုရေး အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့မမင်္ဂလာဈေးအတွင်း၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလှုပ်ရှားမှုကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပါးစပ်နှင့် နှာခေါင်းစည်း ၂၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်–၁၉ ရောဂါနှင့် ဗီဇပြောင်းအိုမီခရွန်ရောဂါပိုးကူးစက်ဖြစ်ပွားမှု သတိပြုကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**



## ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ သာသနာ့မြေ ၁၄ ဧက လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပိဋကသုံးပုံနိကာယ် စသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက သုတဗုဒ္ဓ ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော်ဘုရား၏ သာသနာပြုလုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ဒေါက်တာခင်မောင်ထွန်း+ဒေါ်ဥမ္မာသန်း သမီး မအိန္ဒြေကြည်ဖြူမင်း ထက်လင်းတိုင်းရင်းဆေးဝါးနှင့် ရွှေခေါင်းပေါင်းဆေးဝါးထုတ်လုပ်ရေးမိသားစုတို့မှ ပြင်ဦးလွင်မြို့၌ရှိသော သာသနာ့မြေ ၁၄ ဧက လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ပြုလုပ်သည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သုတဗုဒ္ဓတိပိဋကပါဠိပါရဂူ ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ပြင်ဦးလွင်မြို့၌ရှိသော မြေ ၁၄ ဧက သာသနာ့မြေအဖြစ် ဆက်ကပ်လှူဒါန်းပူဇော်ရခြင်းအကြောင်းကို ကုသိုလ်ရှင်မှ လျှောက်ထားပြီး သာသနာ့မြေနှင့်ပတ်သက်သော စာရွက်စာတမ်းစာချုပ်ဂရမ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် မော်ကျွန်းဆရာတော်ဘုရားထံမှ ဝမ်းမြောက်အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနာ့ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလှူရှင်မိသားစုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာ့ရေးမှူး ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်ဆန်းမြင့်**

## နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၄၇၇၆) ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ

**နောင်ချို ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ (၄၇၇၆) ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူမှုကို ယနေ့နံနက် အရုဏ်တက်အချိန်၌ လောင်းလှူခဲ့ကြောင်း သိရသည်။

နောင်ချို မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းလောင်းအသင်းကို ၂၀၀၆ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မြို့တွင်းဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းမှ သံဃာတော်အပါး တစ်ရာကျော်အား အရုဏ်ဆွမ်းများနေ့စဉ်မပြတ်လောင်းလှူလျက်ရှိကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အကြိမ်ရေ (၄၇၇၆)ကြိမ် လောင်းလှူခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ ကိုချစ် ကလေး+မဝင်းမို့မို့ဦးတို့၏သား မောင်လွင်မင်းခန့် သုံးနှစ်ပြည့် မွေးနေ့အလှူနှင့် မြို့နယ်အတွင်း အလှူရှင်များမှ လောင်းလှူခဲ့ကြသည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူသည့် သံဃာ့ဒါနဆွမ်းလောင်းအသင်းသို့ နောင်ချိုမြို့နယ်သူ၊ မြို့နယ်သားများမှ နေ့စဉ်မပြတ် မိမိတို့အစီအစဉ်ဖြင့် လာရောက်လောင်းလှူမှုများ ရှိသည့်အပြင် ရပ်နီး၊ ရပ်ဝေးမှ လှူဒါန်းလိုသူများမှလည်း ပင်မအလှူရှင်အဖြစ် တစ်ရက်တာအရုဏ်ဆွမ်းအတွက် အလှူငွေကျပ် ရှစ်သောင်းတိတိ လှူဒါန်းလျက်ရှိကြောင်း၊ ပင်မအလှူရှင်မရှိသည့် နေ့များတွင် သံဃာ့ဒါနဆွမ်းလောင်းအသင်းမှ လောင်းလှူလျက်ရှိကြောင်း ဆွမ်းလောင်းအသင်းထံမှ သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

## ကိန်း၏ နောက်ကျဂိုးကြောင့် အီတလီဟက်မှာ စပါးကို ရှုံးနိမ့်ခဲ့တဲ့ ဦးဆောင်သူ မန်စီးတီး

ပရီမီယာလိဂ် ပွဲစဉ်(၂၆)မှ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် အမှတ်ပေးဇယား ဦးဆောင်သူ မန်စီးတီးအသင်းနှင့် စပါးအသင်းတို့၏ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်က နံနက်ပိုင်းက အီတလီဟက်၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ဒုတိယနေရာမှ လီဗာပူးအသင်းကို အမှတ် ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် အဓိက ကစားသမားအများစုဖြင့် စပါးအသင်းကို ရင်ဆိုင်လာခဲ့သလို စပါးအသင်းကလည်း ဆွန်ဟောင်မင်၊ ကိန်း၊ ကလူဆက်စကီးစသည့် ကစားသမားများဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ဦးဆောင်ဂိုးကို စပါးအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် လေးမိနစ်တွင် ကလူဆက်စကီးက သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဂန်ဒိုဂန်က သွင်းယူပေးခဲ့သည်။ စပါးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် ကိန်းက သွင်းယူပေးခဲ့ပြီး ပွဲချိန်ပြည့်ခါနီးအထိ နှစ်ဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအသင်းကို ဦးဆောင်နိုင်ခဲ့သည်။

ထို့အပြင် ပွဲချိန် ၇၉ မိနစ်တွင် စပါးအသင်းအတွက် ဟယ်ရီကိန်း တတိယဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ထပ်ဆောင်း အချိန်ပိုတွင် မန်စီးတီးအသင်းမှ မာရက်ဇ်က ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ကိန်းက ထပ်ဆောင်း အချိန်ပိုပြည့်ခါနီးတွင် စပါးအသင်းအတွက် ပွဲသိမ်းအနိုင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် စပါးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုအနိုင်ပွဲကြောင့် ၂၃ ပွဲ ကစားပြီး ရမှတ် ၃၉ မှတ် ဖြင့် အဆင့်(၄)အတွင်း ဝင်ရန် နီးစပ်လာပြီဖြစ်သည်။

**အောင်ဇော်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

◆*ကျောဖုံးမှ*

အဆိုပါ COVIDSHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဆေးတစ်ပုလင်းလျှင် လူ ၁၀ ဦး ထိုးနိုင်ပြီးလူဦးရေ doses တစ်သိန်းအတွက်ဖြစ်ကြောင်း သိရသည်။

ယနေ့ညပိုင်းတွင် ရန်ကုန်မြို့လေဆိပ်သို့ရောက်လာသော ဆေးများကို အအေးလမ်းကြောင်းမပျက် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိနယ်မြေခံ ဆေးသိုလှောင်ရေးတပ်(စတိုခွဲ)သို့ ပို့ဆောင်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

၂၀၀၁ ခုနှစ် ၂၀၁၅ ခုနှစ်အထိ အသက် ၂၃ နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်မှစတင်ကာ အသက် ၂၂ နှစ်အောက်အဖြစ် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ အသက်ကန့်သတ်ချက်ဖြင့် ကျင်းပပြီးနောက်ပိုင်း ၂၀၁၉ ခုနှစ်မှစတင်ကာ အသက်ကျော် ကစားသမားများ စတင်ထည့်သွင်း အသုံးပြုခွင့်ပေးခဲ့ပြီး ၂၀၁၉ ခုနှစ်ပြိုင်ပွဲတွင် နှစ်ဦးအသုံးပြုခွင့်ပေးခဲ့သော်လည်း လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် သုံးဦးအထိ ခွင့်ပြုသွားမည်ဖြစ်သည်။ ထို့ကြောင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက်အဖြစ် ကျင်းပမည်ဖြစ်ကာ အသက်ကျော် ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ရရှိမည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်က ကိုင်တွယ်မည်ဖြစ်ပြီး ပဏာကစားသမား ၃၀ ဝန်းကျင်ဖြင့် ပြင်ဆင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation) နှင့် မိဘပြည်သူများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက် ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့်(Teleconsultation Program) အတွက် အထူးကုဆရာဝန်နှင့်ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါပညာရှင်အဖွဲ့များ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တောင်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့် ပညာရှင်အဖွဲ့ (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**
၀၉ ၈၈ ၂၅၅ ၃၆၀၆
၀၉ ၈၈ ၂၅၅ ၃၆၀၅

**မြောက်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**
၀၉ ၈၈၂၅၅၄၀ ၀၈
၀၉ ၈၈၂၅၅၄၀ ၀၉

**အနောက်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**
၀၉ ၈၈၂၅၅၄၀ ၁၀
၀၉ ၈၈၂၅၅၄၀ ၁၁

**အရှေ့ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့် ပညာရှင်အဖွဲ့ (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**
၀၉ ၈၈၂၅၅၄၀ ၀၅
၀၉ ၈၈၂၅၅၄၀ ၀၆

ကျန်းမာရေးဝန်ကြီးဌာန

## ငွေကျပ်သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ မြဝတီမြို့၌ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြဝတီမြို့တွင် ငွေကျပ် သိန်း ၄၂၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် အနန္တသုခလမ်းတွင် ဇော်မင်း (၄၄) နှစ် မောင်းနှင်လာသည့် ဟွန်ဒါဖစ် မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၂ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မောင်ပီး (ခ)စိုင်းပီး (၄၅) နှစ်ကို မြဝတီမြို့ အမှတ် (၄) ရပ်ကွက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား၂၄-၁-၂၀၂၂ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၂-၂-၂၀၂၂ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



ငွေကျပ်သိန်း ၄၂၀၀ ကျော် တန်ဖိုးရှိ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။




## ဇန်းမော်မြို့တွင် စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ် က ဇန်းမော်မြို့ ခွန်သာရပ်ကွက်ရှိ တပ်ကလေး သင်္ဘောဆိပ်ဟောင်းအနီးတွင် ဖြိုးဟိန်းကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၇၆၅၃ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ဖြိုးဟိန်း ၂၃ နှစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


### ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
လားရှိုးခရိုင်တရားရုံးတော်
၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂

မယဉ်ဝေခိုင်(ခ)မအားမိန် (တရားလို) နှင့် ကိုဝမ်ယုန်ဖူ(ခ)ဝမ်လောက်ဖူ (တရားပြိုင်)

သိန္နီမြို့နယ်၊ နမ့်စလပ်ကျေးရွာ အုပ်စု(ယခုနေရပ်လိပ်စာမသိ) နေ ကိုဝမ်ယုန်ဖူ(ခ)ဝမ်လောက်ဖူသိစေရမည်။

